မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ပထမဝါဆိုလဆန်း ၆ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇွန် ၂၀ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၅၈)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့် ဝိုင်းမော်မြို့နယ် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲတက်ရောက် မုတ်လွဲကျေးရွာနှင့် ခတ်ချိုကျေးရွာ လမ်းပိုင်းအဆင့်မြှင့်တင်ဖောက်လုပ်မှုလုပ်ငန်း စစ်ဆေး



ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့် မုတ်လွဲကျေးရွာနှင့် ခတ်ချိုကျေးရွာ လမ်းပိုင်း အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းနှင့် လမ်းပြုပြင်ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နေပြည်တော် ဇွန် ၁၉

ဝိုင်းမော်မြို့နယ် မဒိန်ကျေးရွာ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲကို ဇွန် ၁၁ ရက် နံနက် ၁၀ နာရီက ဝိုင်းမော်–ဝါရှောင်ကားလမ်းမကြီးအနီး မဒိန်ကျေးရွာတွင် ကျင်းပရာ အခမ်းအနားသို့ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက တိုင်းမှူး၏ဇနီး ဒေါ်နုနုဆွေနှင့်အဖွဲ့ဝင်များ၊ တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ ခရိုင်နှင့် မြို့နယ် ဥက္ကဋ္ဌများ၊ ပြည်နယ် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အရန်မီးသတ်နှင့် ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဝိုင်းမော်မြို့နယ်ဥက္ကဋ္ဌ ဦးတင်ဝင်းက မြို့နယ်အတွင်း ခြံစည်းရိုးကြက်ဆူပင် ၁၈၃၂၆ ဧက စိုက်ပျိုးပြီးစီးမှုနှင့် ဆက်လက်စိုက်ပျိုးမည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးအုန်းရွှေက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက စိုက်ပျိုးရေးဆိုင်ရာများ အောင်မြင်အောင် အကောင်အထည်ဖော်ရေးနှင့်စပ်လျဉ်း၍ အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။ *စာမျက်နှာ ၈ ကော်လံ ၅* ●

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကျောင်းသား ၃၀၀၀ သင်ကြားနိုင်သည့် ကွန်ပျူတာတက္ကသိုလ် (လားရှိုး) သံကူကွန်ကရစ်သုံးထပ်ကျောင်းဆောင် ပန္နက်တင်မင်္ဂလာကျင်းပ

နေပြည်တော် ဇွန် ၁၉

ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၏ ကွန်ပျူတာတက္ကသိုလ် သုံးထပ်ပင်မဆောင် ပန္နက်တင်အုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားကို ဇွန် ၁၂ ရက် နံနက် ၉ နာရီက လားရှိုးမြို့ မယ်ဟန်ကျေးရွာအနီး၌ ကျင်းပရာ အုတ်မြစ်တော်စီမင်္ဂလာအခမ်းအနားသို့ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့်ဇနီး၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လားရှိုးတပ်နယ်တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ ပြည်နယ်၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။ *စာမျက်နှာ ၈ ကော်လံ ၃* ■

မြန်မာ့အလင်း

အားကစားနှင့် သတင်း ဆောင်းပါး အညွှန်း

ဥရောပအကောင်းဆုံး ရွှေဖိနပ်ဆု ရိုးမားတိုက်စစ်မှူး တော့တီဆွတ်ခူး

ကမ္ဘာတစ်လွှားအားကစား (စာ-၁၃)



လက်ပံတန်းမြို့မှ ထုတ်လုပ်သည့် အိုးနှင့် ပန်းခြင်းလုပ်ငန်းများ မြန်မာမှုလက်ရာ သေသပ်လှပ၍ ပြည်ပနိုင်ငံများ မှာယူအသုံးပြု

နနရီနှင့် တင်တင်ဝင်းတို့၏ သတင်းမြင်ကွင်း (ကျောဖုံး)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဇွန် ၂၀ ရက်)

ဇီဝလောင်စာအစားထိုး ခြစ်ဆီးရိုးကြက်ဆူပင် လျာထားချက် ပြည့်မီကျော်လွန်အောင် စိုက်ပျိုး

မျက်မှောက်ကမ္ဘာတွင် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လောင်စာဆီ သုံးစွဲမှု အဆမတန် မြင့်မားလျက်ရှိရာ ရေနံနှင့်သဘာဝဓာတ်ငွေ့ သယံဇာတများ ကုန်ခန်းလာသည်။

နိုင်ငံတော်အစိုးရသည် အနာဂတ်တွင် လိုအပ်လာမည့် စက်သုံးဆီလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့် ခြစ်ဆီးရိုးကြက်ဆူပင်ကို အမျိုးသားရေးတာဝန်အဖြစ် အစီအမံများချမှတ် စိုက်ပျိုးပြီး ရှင်သန်ဖြစ်ထွန်းအောင် ပြုစုထိန်းသိမ်းလျက်ရှိသည်။

နိုင်ငံတစ်ဝန်းရှိ ပြည်နယ်နှင့်တိုင်းတစ်ခုလျှင် ဧကငါးသိန်းနှုန်းဖြင့် စုစုပေါင်းဧက ခုနစ်သန်းကို ၂၀၀၆ ခုနှစ်မှစ၍ သုံးနှစ်အတွင်းစိုက်ပျိုးရန် လျာထားသတ်မှတ် စိုက်ပျိုးလျက်ရှိသည်။

ခြစ်ဆီးရိုးကြက်ဆူပင်သည် မြေအမျိုးအစားမရွေး စိုက်ပျိုးနိုင်ပြီး အမြင့်ပေ ငါးထောင်ကျော်အထိ ရှိသောဒေသများ၌ပင် စိုက်ပျိုးနိုင်သော အပင်မျိုးဖြစ်၍ မြေလွတ်မြေရိုင်းများတွင် တိုးချဲ့စိုက်ပျိုးသင့်သည်။

စက်တပ်ရေယာဉ်များ၊ သမ္ဗန်များ၊ အသေးစားလယ်ယာစိုက်ပျိုးရေး စက်ကိရိယာများနှင့် ငါးဖမ်းစက်လှေများတွင် အသုံးပြုရန် အစားထိုးဒီဇယ်ရရှိရေးကို ခြစ်ဆီးရိုးကြက်ဆူဆီက အထောက်အကူပြုမည် ဖြစ်သည်။ ထို့ပြင် ခြစ်ဆီးရိုးကြက်ဆူ ကြိတ်ဖတ်သည်လည်း စိုက်ခင်းများအတွက် မြေသြဇာအဖြစ် အသုံးပြုနိုင်သည်။

သို့ဖြစ်ရာ ဇီဝလောင်စာအစားထိုး ခြစ်ဆီးရိုးကြက်ဆူပင်များကို နိုင်ငံတစ်ဝန်းတိုးချဲ့ စိုက်ပျိုးနိုင်သည်နှင့်အမျှ နိုင်ငံတော်အတွက်သာမက စိုက်ပျိုးသူများအတွက် အကျိုးဖြစ်ထွန်းမည်ဖြစ်ရာ တိုင်းရင်းသားပြည်သူအားလုံးက အမျိုးသားရေးတာဝန်အဖြစ် ခံယူစိုက်ပျိုးသွားကြရမည် ဖြစ်သည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက် ရေးအတွက် အလှူရှင် ဟိုပင်မြို့ မြို့ဦးဆရာတော်အား အမှူးထား၍ ဒေါ်ခမ်းရင် (ကချင်လုံချည်) မိသားစု G-3 မြေညီထပ် ယုဇနပလာဇာ ရန်ကုန်မြို့မှ အလှူငွေ ကျပ်သုံးသိန်းကို ပြင်သစ်နိုင်ငံ သာသနာပြုဆရာတော် ကျွန်းနံ့သာ အရှင်နန္ဒသိရီထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ပရဆေးဥယျာဉ် နေပြည်တော် တိုးချဲ့အဆင့်မြှင့်တင်ရေး ဗဟိုကော်မတီ စည်းဝေး

နေပြည်တော် ဇွန် ၁၉

ပရဆေးဥယျာဉ်နေပြည်တော် တိုးချဲ့အဆင့်မြှင့်တင်ရေး ဗဟိုကော်မတီ အစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အမျိုးသားကျန်းမာရေးကော်မတီ အစည်းအဝေးခန်းမ၌ကျင်းပရာ ပရဆေးဥယျာဉ် နေပြည်တော် တိုးချဲ့အဆင့်မြှင့်တင်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက် အမှာစကားပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်သော ဒေါက်တာ မြဦးနှင့် ဒေါက်တာပိုင်စိုးတို့ တက်ရောက်ကြသည်။

ဝိုင်းဝန်းပူးပေါင်း

ရှေးဦးစွာ ပရဆေးဥယျာဉ်နေပြည်တော် တိုးချဲ့အဆင့်မြှင့်တင်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ကျော်မြင့်က ပရဆေးဥယျာဉ်နေပြည်တော်ကို နိုင်ငံတကာအဆင့်မီဖြစ်အောင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ တစ်နှစ်ပတ်လုံး စိမ်းလန်း စိုပြည်စေရေးအတွက် အပင်များစုဆောင်းထားရှိ စိုက်ပျိုးလျက်ရှိကြောင်း၊ ဝန်ကြီးဌာနများက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြသည့်အတွက် အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တင်ညွှန့်က ပရဆေးဥယျာဉ်နေပြည်တော်တွင်လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ အမြဲစိမ်းလန်းစိုပြည်စေရန်နှင့် မျက်စိပသာဒဖြစ်စေရန် စိုက်ပျိုးပြီးစီးမှု၊ စိုက်ပျိုးမည့် အလှပန်းများ စုဆောင်းထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းဆွေးနွေး

ယင်းနောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်က ပရဆေးဥယျာဉ်၏ လမ်း၊ ရေကန်၊ အဆောက်အအုံများ ဆက်လက်ဆောင်ရွက်နေမှု၊ ထပ်မံရရှိလာသောမြေဧရိယာကို ဝန်ကြီးဌာန များအတွက် ခွဲဝေရန်ဆောင်ရွက်ထားရှိမှုများ၊ ဓာတ်ခွဲခန်းနှင့် သုတေသန အဆောက်အအုံ၊ စာကြည့်တိုက်၊ ပြတိုက်တို့ ဆောက်လုပ်ရန်စီစဉ်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးက အမျိုးသားအဆင့် နိုင်ငံတကာအဆင့်မီ ပရဆေးဥယျာဉ်ကြီး အချိန်တိုအတွင်း အောင်မြင်စွာပေါ်ပေါက်လာမှုနှင့် ပရဆေးပင်များ စုဆောင်းထားရှိမှု အခြေအနေများကို လည်းကောင်း၊ သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်က ပြည်နယ်/တိုင်းအလိုက် ပရဆေးပင်များ၊ ဝမ်းပျက်ဝမ်းလျှော၊ ဝမ်းကိုက်ရောဂါ တို့အတွက် ပရဆေးပင်များ စုဆောင်းထားရှိမှုနှင့် အခြားဝန်ကြီးဌာနများမှ ပရဆေးပင်များ လိုအပ်လျှင် ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးကြသည်။

အဆောက်အအုံပုံစံငယ်

ယင်းနောက် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းဇော်က ပရဆေးဥယျာဉ် အတွင်း ဆောက်လုပ်မည့်ဓာတ်ခွဲခန်းနှင့် သုတေသနအဆောက်အအုံ၊ စာကြည့်တိုက်၊ ပြတိုက်တို့၏ အဆောက်အအုံပုံစံငယ်များကို ရှင်းလင်းတင်ပြရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ပိုင်စိုးက အဆောက်အအုံ ဆောက်လုပ်ရာတွင် လိုအပ်မည့်အချက်များကို ဆွေးနွေး တင်ပြသည်။

ထို့နောက် တက်ရောက် လာသော ကော်မတီဝင်များနှင့် တာဝန်ရှိသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေး ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်

၂၀-၆-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

၇:၀၀ MRTV-4 အဖွင့် Logo
ယနေ့အစီအစဉ်
၇:၀၅ ဆရာ-ဒကာဆက်ဆံရေးသင်တန်း (ဒုတိယပိုင်း)
အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တကုမာရ မော်ကွန်းထိန်းဆရာတော် (နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်)
၇:၅၅ Midweek Sports News
၈:၁၀ တေးဂီတအစီအစဉ်
၈:၁၅ သတ္တုစပ်နည်းပညာမှသည် အကြွင်းမဲ့ လုံခြုံမှုဆီသို့
၈:၃၀ တေးဂီတအစီအစဉ်
၈:၃၅ International Video Topics (ဒေငဥယျာဉ်မှာနေထိုင်သူများ)
၉:၀၅ တေးဂီတအစီအစဉ်
၉:၁၀ တစ်သက်တာစိတ်ချမ်းသာဖို့ ဥယျာဉ်ခြံမြေစိုက်ပျိုးစို့
၉:၂၅ ပြည်တွင်းသတင်းအကျဉ်း
၉:၃၅ သီချင်းကောင်းကောင်းသီချင်းတောင်း
၁၀:၀၅ စိတ်ဝင်စားစရာ မြန်မာ့ပုလဲရတနာ (အပိုင်း-၁)
၁၀:၂၅ နိုင်ငံတကာသတင်းအကျဉ်း
၁၀:၃၅ Yangon Panorama "Life of Ordinary People" Htein Win Photo Exhibition
၁၀:၅၅ တေးဂီတအစီအစဉ်
၁၁:၀၀ ဇီဝလောင်စာဆီအတွက် အားထားရမည့် ကြက်ဆူကြိတ်စက်များ
၁၁:၁၅ မိုးလေဝသခန့်မှန်းချက်
၁၁:၂၀ MRTV-4 စာအုပ်စင်ကဏ္ဍ (Good Health ဂျာနယ် အယ်ဒီတာချုပ် ဒေါက်တာ ခင်မိုးမိုးနှင့် တွေ့ဆုံခြင်း)
၁၁:၃၅ တေးဂီတအစီအစဉ်
၁၁:၄၀ **ညော်မယ်ဗျို့ (ခန့်စည်သူ၊ ငှက်ပျောကြော်၊ မိုးပြည့်ပြည့်မောင်၊ တက္ကသိုလ်ငွမ်းပုံ) (ဒါရိုက်တာ ဖုန်းမြင့်အောင်)**
၁၁:၅၀ ပြည်တွင်းသတင်းအကျဉ်း
၁၂:၀၅ နေခြည်ဖြာ၍ လန်းသောပန်းများ (စေတနာရှင်ဆရာဝန်ကြီးများ၏ ရေးမြို့နယ် အစင်ကျေးရွာသို့ အခမဲ့ ဆေးကုသရေးခရီးစဉ်) (အပိုင်း-၂)
၁၂:၃၅ နိုင်ငံတကာသတင်းအကျဉ်း
၁၂:၄၀ တေးဂီတအစီအစဉ်
၁၂:၄၅ အကျိုးပြုအဏုဇီဝပိုး Effective Microorganism
၁:၀၀ MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မိခင်ကြီး ဒေါ်သန်းမြင့်အား ရည်စူး၍ ဦးမောင်မောင်ကြည်-ဒေါ်မြင့်မြင့်ရွှေ၊ ဦးမြင့်စိုး၊ ဦးမြင့်အောင်- ဒေါ်မန်းချို၊ ဦးနေလင်း- ဒေါ်မြင့်မြင့်ဝင်း၊ သားသမီးတစ်စုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆေးပဒေသာပင် အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး (၂) ဦးဘညာဏ် လက်ခံယူစဉ်။ (က-ပ)

ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး မိတ္ထီလာခရိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် ဌာနဆိုင်ရာများ၊ မန္တလေးတိုင်း မိတ္ထီလာခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ၊ အသင်းဝင်များနှင့်အတူ ဇွန် ၁၇ ရက် မွန်းလွဲပိုင်းတွင် မိတ္ထီလာမြို့ ဝမ်းတော်ပြည့်စေတီနှင့် ဓာတ်တော်တိုက်တို့ကို ဖူးမြော်ကြည်ညို၍ ဝမ်းတော်ပြည့်ကျောင်းတိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တဝဂီသအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

လှူဒါန်း

ထို့နောက် စာသင်တိုက်အတွက် လျှပ်စစ်မီး၊ ငွေပဒေသာပင် အလှူနှင့် မုန့်ဦးတံခါး အလှူတော်ငွေများကို ဌာနဆိုင်ရာများ၊ အသင်းဝင်များနှင့်အတူ လှူဒါန်းခဲ့သည်။

ညှိနှိုင်းဆွေးနွေး

ယင်းနောက် အထွေထွေအတွင်းရေးမှူးနှင့်အဖွဲ့သည် မိတ္ထီလာမြို့ ရန်မျိုးအောင်ရပ်ကွက် ကွက်သစ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓအား လှူဖွယ်ပစ္စည်းဆက်ကပ်လှူဒါန်းပြီး ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများ၊ ကျောင်းကြီးကြပ်ရေးကော်မတီများနှင့်တွေ့ဆုံကာ အမှတ်(၁၃၂) အခြေခံပညာ မူလတန်းကျောင်း တည်ဆောက်ရေးလုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးပြီး လိုအပ်ချက်များ ဖြည့်ဆည်းကူညီပေးသည်။

ဆက်လက်၍ အထွေထွေအတွင်းရေးမှူးနှင့် အဖွဲ့သည် မိတ္ထီလာမြို့ နန်းတော်ကုန်းရပ်ကွက်ရှိ နဂါးရုံ မဟာဗောဓိစေတီတော်အား ဖူးမြော်ကြည်ညိုပြီး ဆရာတော်ဘဒ္ဒန္တနန္ဒဝံသအား လှူဖွယ်ပစ္စည်း ဆက်ကပ်ကာ ဂေါပက အဖွဲ့အား စာသင်တိုက်အတွက် လျှပ်စစ်မီး ပဒေသာပင်အလှူငွေများ လှူဒါန်းသည်။

တိုးမြှင့်ဆောင်ရွက်

ထို့နောက် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် မိတ္ထီလာမြို့ ခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးတွင် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ခရိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအမှုဆောင်များ၊ အသင်းဝင်များနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင်**(အပေါ်ပုံ)** ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ဒို့တာဝန် အရေးသုံးပါးသည် နိုင်ငံတော်၏ ပကတိအခြေအနေအရ သမိုင်းက ပေးအပ်လာသည့် အမျိုးသားရေးတာဝန်များဖြစ်ကြောင်း၊ နိုင်ငံတော် အစိုးရက တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို နယ်စပ်ဒေသ ပါမကျန် ဒေသအနှံ့ တည်ဆောက်နေကြောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးနှင့် အသင်းဝင်များကလည်း မိမိတို့ ဒေသတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ကူညီလုပ်ဆောင်နေကြကြောင်း၊ ရပ်ရေး၊ ရွာရေး၊ လူမှုရေးအပေါ် အခြေခံ၍ ဒေသပိုမိုဖွံ့ဖြိုး တိုးတက်အောင် ပြည်သူနှင့်အတူ ဝိုင်းဝန်း ဆောင်ရွက်နေကြကြောင်း၊ ဝိုင်းဝန်းလက်တွဲဆောင်ရွက်ခဲ့ကြသဖြင့် ဖွံ့ဖြိုးတိုးတက်မှုများရရှိနေကြပြီဖြစ်ကြောင်း ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ ဗဟန်း မြို့နယ် (၁) ရပ်ကွက် ဗိုလ် ချို လမ်း အင် ကြင်း မြိုင် အိမ်ရာ အမှတ် (၂၁)နေ ဦးထွန်းငွေ(ကွယ်လွန်) - ဒေါ်လှငွေ၊ သားသမီးမြေး မြစ်များနှင့် ပါရမီရှင် မိသားစု များ က ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း၊ မင်းကွန်း ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ်သုံးသိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နိ(ရန်ကုန်ဌာန) လက်ထောက်အုပ်ချုပ်ရေးမှူး ဦးထိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့ ဆေးပညာဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇွန် ၁၉

မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့ Biotechnology Speciality Group ၏ Biotechnology Forum(2) ဟောပြောပွဲကို ဇွန် ၃၀ရက် နံနက်၉နာရီခွဲမှ မွန်းတည့်၁၂နာရီအထိ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမ(အေ)၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါ ဟောပြောပွဲတွင် ဒေါက်တာဦးသိန်းသန်းက Overview of Biotechnology Role in EveryDay Life ကိုလည်းကောင်း၊ ပါမောက္ခဒေါ်ကြည်ကြည် သင်းက Highlights of Nanotechnology and Nanomedicine ကိုလည်းကောင်း၊ ပါမောက္ခဦးမျိုးဝင်းက Genetics of Human Longevity: New Ideas and Findings ကိုလည်းကောင်း ဟောပြောဆွေးနွေးမည် ဖြစ်သည်။

မှတ်ပုံတင်နိုင်

စိတ်ပါဝင်စားသူ medical, non-medical မည်သူမဆို ဆေးတက္ကသိုလ်(၁)၊ လမ်းမတော်၊ အဏုဇီဝဗေဒဌာန(သို့)ဆေးတက္ကသိုလ်(၁)ပြည်လမ်း၊ ဇီဝဓာတုဗေဒဌာနတို့တွင် ဇွန် ၂၅ ရက် မှ ၂၉ ရက်အထိ နံနက် ၁၀ နာရီခွဲမှ ညနေ ၄ နာရီအတွင်း မှတ်ပုံတင်နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မင်္ဂလာတောင်တော်ဦးကျောင်း ဆရာတော်ဘဒ္ဒန္တသုဇနိ၏ အကြိမ်(၄၀)မြောက် ကံထပ်မင်္ဂလာနှင့် မွေးနေ့မင်္ဂလာကျင်းပမည်

ရန်ကုန် ဇွန် ၁၉

ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာတောင်တော်ဦးကျောင်းတိုက် သုံးထပ်ကျောင်းတော်ကြီး၏ ဆရာတော်ဘဒ္ဒန္တသုဇန၏ အကြိမ်(၄၀)မြောက် ဗုဒ္ဓါဘိသေကမင်္ဂလာ၊ သိက္ခာတော် ကံထပ်မင်္ဂလာနှင့်မွေးနေ့မင်္ဂလာပွဲကို အဆိုပါကျောင်းတိုက်၌ **ဇွန် ၂၄ရက်(တနင်္ဂနွေနေ့)နံနက် ၈ နာရီ** တွင် ကျင်းပမည်ဖြစ်ရာ အလှူရှင်အပေါင်း ကြွရောက်ပါရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၀-၆-၂၀၀၇
(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေး တေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေး တေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၄။	အမျိုးသားရေး တေးကဗျာ
၄း၃၀	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀	၆။	မျိုးချစ်တပ်မတော်
၅း၁၀	၇။	ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅း၂၀	၈။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၃၀	၉။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၅၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၅	၁၄။	လျှပ်တစ်ပြက်
၆း၄၀	၁၅။	လှုပ်လှုပ်ရှားရှားပုံရိပ်များ
၇း၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မြင်မြင်ချင်းပဲကွယ်** (အပိုင်း-၄)
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	English Usage
	၂၁။	ဗွီစီဒီကျော်ကြားတေးများ
	၂၂။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အထူးရဲ** (အပိုင်း-၁၇)

ပေးအပ်လှူဒါန်း

မိဘများအားရည်စူး၍ ဦးသန်းမြင့်-ဒေါ်ရီရီဝင်းမိသားစုက ကမ္ဘာ့ဝိပဿနာ လိုဏ်ဂူစေတီတော်ကြီးတွင် ဌာပနာရန်အတွက် တန်ဖိုးငွေကျပ် လေးသိန်းတန် ရွှေထည်ပစ္စည်းများနှင့် အလှူငွေကျပ် တစ်သိန်းကို ပေးအပ်လှူဒါန်းရာ ဓမ္မဇောတိ ဝိပဿနာရိပ်သာမှ ဂေါပကအဖွဲ့ ဥက္ကဋ္ဌဦးဥဂ္ဂါက လက်ခံယူစဉ်။ (က-ပ)

မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် ဇွန် ၁၉

ယနေ့မြန်မာစံတော်ချိန် နံနက် ၁၁နာရီ၃၇မိနစ်၂၄စက္ကန့် အချိန် မန္တလေး မြေငလျင်စခန်းမှ အရှေ့တောင်ဘက် မိုင်၂၈၀ခန့်ကွာဝေးသော (မြန်မာနိုင်ငံပြင်ပ)ကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၀ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။ (သတင်းစဉ်)

ကွင်းဆင်း ဆောင်ရွက်

ဇွန် ၁၉ရက်က တောင်ဥက္ကလာပမြို့နယ် (၁၄/၁)ရပ်ကွက် သာသနဟိတ မွှေရုံတွင် အသက်(၁၀)နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးရေးအတွက် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတိုးလင်း၊ ဒုတိယ လဝကမှူး ဒေါ်ခင်မာထွေးတို့နှင့် ရပ်ကွက်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ ပူးပေါင်း၍ ကွင်းဆင်းဆောင်ရွက်ကြစဉ်။ (က-ပ)

အသားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် မွေးမြူရေးဇုန် တည်ဆောက်ရေး စီမံကိန်းများ

မောင်အောင်(မွေးကု)

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနသည် သားငါးထုတ်လုပ်မှု တိုးတက်ရေး၊ ကုန်ဈေးနှုန်း တည်ငြိမ်ကျဆင်းရေး၊ မွေးမြူရေးဇုန်များ တည်ဆောက်ခြင်းဖြင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာရေးနှင့် ပြည်ပမှ တင်သွင်းနေရသည့် နို့နှင့် နို့ထွက်ပစ္စည်းများ သွင်းကုန်အစားထိုး ထုတ်လုပ်နိုင်ရေးတို့အတွက် နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် မွေးမြူရေးဇုန်များကို ဖော်ထုတ်တည်ဆောက်ခဲ့ခြင်း ဖြစ်ပါသည်။

မွေးမြူရေးဇုန်များ ဖော်ထုတ်တည်ဆောက်မှုနှင့် ပတ်သက်၍ ငါးနှစ်အတွင်း အောက်ပါအတိုင်း ပြည့်မီအောင် မွေးမြူသွားရန် လျာထားဆောင်ရွက်လျက် ရှိပါသည်–

(က) နို့စားနွားကောင်ရေ ၂၀၀၀၀
(ခ) သိုးဆိတ်ကောင်ရေ ၁၀၀၀၀၀
(ဂ) ဥစား/အသားစားကြက် ၁၀၀၀၀၀၀

မွေးမြူရေးဇုန်များ ဖော်ထုတ်တည်ဆောက်ရေး စီမံကိန်းကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက တာဝန်ယူ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။ လက်ရှိဖော်ထုတ် ဆောင်ရွက်လျက် ရှိသည့် မြို့နယ်အလိုက် မွေးမြူရေးဇုန်များနှင့် အကျယ်အဝန်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(က) တပ်ကုန်းမြို့နယ်
(၁) ကံကြီးမွေးမြူရေးဇုန် ၁၆၅၉ ဒသမ ၀၀ ဧက
(၂) ရွှေမြို့မွေးမြူရေးဇုန် ၂၇၁ ဒသမ ၃၃ ဧက

(ခ) လယ်ဝေးမြို့နယ်
(၁) ပြောင်ခေါင်းကြီး မွေးမြူရေးဇုန် ၆၂၃ ဒသမ ၀၀ ဧက
(၂) မင်းပြင်မွေးမြူရေးဇုန် ၂၀၀၀ ဒသမ ၀၀ ဧက

(ဂ) ရမည်းသင်းမြို့နယ်
(၁) နဘူးကျင်း/အလယ်ကုန်း မွေးမြူရေးဇုန် ၈၁၃ ဒသမ ၇၁ ဧက
(၂) ထီးလှိုင်မွေးမြူရေးဇုန် ၆၀ ဒသမ ၀၀ ဧက
(၃) ရေဦးမွေးမြူရေးဇုန် ၁၃၀၆ ဒသမ ၀၀ ဧက

စုစုပေါင်း ၆၇၃၃ ဒသမ ၀၄ ဧက

အထက်ပါ မွေးမြူရေးဇုန်များအနက် တပ်ကုန်းမြို့နယ် ကံကြီးမွေးမြူရေးဇုန်၊ လယ်ဝေးမြို့နယ် မင်းပြင်မွေးမြူရေးဇုန်နှင့် ရမည်းသင်းမြို့နယ် ရေဦးမွေးမြူရေးဇုန်တို့မှာ နို့စားနွားမွေးမြူရေးနှင့် သိုး၊ ဆိတ်မွေးမြူရေး အထူးဇုန်များ ဖြစ်ပါသည်။ လယ်ဝေး ပြောင်ခေါင်းကြီး မွေးမြူရေးဇုန်မှာ ကြက်၊ ဝက်၊ သိုး၊ ဆိတ် မွေးမြူရေးဇုန်ဖြစ်ပြီး၊ ရမည်းသင်းမြို့နယ်၊နဘူးကျင်း/အလယ်ကုန်း မွေးမြူရေးဇုန်မှာ သိုး၊ ဆိတ် မွေးမြူရေးအထူးဇုန် ဖြစ်ပါသည်။ ရွှေမြို့ မွေးမြူရေးဇုန်တွင် နို့စားနွား မွေးမြူရေးလုပ်ငန်းအပြင် နို့နှင့် နို့ထွက်ပစ္စည်းများ ပြုပြင်ထုတ်လုပ်သည့် စက်ရုံ၊ တိရစ္ဆာန်အစာစက်ရုံနှင့် ဆေးဝါးအရောင်းဆိုင်များ ပါရှိမည်ဖြစ်ပါသည်။ ထီးလှိုင် မွေးမြူရေးဇုန်တွင်အသားပြုပြင်ထုတ်လုပ်သည့် စက်ရုံနှင့် သားရေလုပ်ငန်းများ ပါရှိမည်ဖြစ်ပါသည်။ မွေးမြူရေးဇုန်များကို သက်ဆိုင်ရာဒေသ၏ ရာသီဥတု၊ ရေမြေအနေ

ကံကြီးမွေးမြူရေးဇုန်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို)နို့စားနွား မွေးမြူရေးခြံအား မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ကြည့်ရှုစစ်ဆေးစဉ်။

အထားနှင့် ဒေသအလိုက် တိရစ္ဆာန်မွေးမြူရေးဖြစ်ထွန်းမှုအပေါ် အခြေခံ၍ သတ်မှတ်ပေးခဲ့ခြင်း ဖြစ်ပါသည်။

မွေးမြူရေးဇုန်များ၏ မြေအနေအထားအပေါ် မူတည်၍ ကံကြီးမွေးမြူရေးဇုန်နှင့် ရေဦးမွေးမြူရေးဇုန်တို့၌ တစ်ယူနစ်လျှင် ၁၂ ဒသမ ၅ ဧကရှိ အကွက်များ ဖော်ထုတ်၍ မွေးမြူမည့်လုပ်ငန်းရှင်များအား နေရာချထားပေးလျက်ရှိပါသည်။ ကျန်မွေးမြူရေးဇုန်များတွင် မြေအနေအထားပေါ်မူတည်၍ အကွက်အလိုက် နေရာချထားပေးလျက်ရှိပါသည်။ မွေးမြူရေးဇုန်ရှိ မြေတစ်ဧကတွင် မွေးမြူရမည့် တိရစ္ဆာန်ကောင်ရေမှာ နို့စားနွား ၁၀ ကောင် သို့မဟုတ် သိုး၊ ဆိတ် ၅၀ နှင့် အသားစား ဥစားကြက် ၂၅၀၀ မွေးမြူရမည် ဖြစ်ပါသည်။ အထူးသဖြင့် နို့စားနွား မွေးမြူသူများအနေဖြင့် အစာနအစာကြမ်းများ ဝယ်ယူကျွေးမွေးခြင်းထက် စားကျက်မြေများ စိုက်ပျိုးခြင်းဖြင့် ရေရှည်အကျိုးစီးပွား ဖြစ်ထွန်းစေရန် ရည်ရွယ်၍ ဆောင်ရွက်ပေးခြင်း ဖြစ်ပါသည်။

မွေးမြူရေးဇုန်များတွင် ကွပ်ကဲမှုရုံးများ တည်ဆောက်၍ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်ဆေးကုဆရာဝန်များ ထားရှိပေးမည် ဖြစ်ပါသည်။ မွေးမြူရေးဇုန်များတွင် မွေးမြူထားသည့် တိရစ္ဆာန်များ၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကူးစက်ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးတို့ကို မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှ တာဝန်ယူ စောင့်ရှောက်ပေးမည့်အပြင် တိရစ္ဆာန်များ မျိုးမြှင့်တင် သားစပ်ရေးကိုပါ တာဝန်ယူဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

လက်ရှိ ကံကြီးမွေးမြူရေးဇုန်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို) အပါအဝင် မွေးမြူရေးလုပ်ငန်းရှင် ၁၅ ဦးက နို့စားနွား ၁၅၄ ကောင်၊ ဆိတ် ၁၁၆၀ နှင့် သိုး ၁၃၄ ကောင် မွေးမြူ ထားရှိပြီး ဖြစ်ပါသည်။ ရွှေမြို့မွေးမြူရေးဇုန်တွင် ပုဂ္ဂလိက လုပ်ငန်းရှင်များက နို့စားနွား ၁၆၅ကောင်နှင့် ဆိတ် ၁၆၄ ကောင် မွေးမြူထားရှိပြီး နို့ပြုပြင် ထုတ်လုပ်သည့် နို့မှုန့်စက်ရုံနှင့် တိရစ္ဆာန်အစာစက်ရုံကို ဆောက်လုပ်လျက်ရှိပါသည်။ တိရစ္ဆာန်ဆေးဝါး အရောင်းဆိုင်လည်း ဖွင့်လှစ်ထားရှိပြီး ဖြစ်ပါသည်။ မင်းပြင်မွေးမြူရေးဇုန်တွင် မွေးမြူရေးလုပ်ငန်းရှင် ငါးဦးက နို့စားနွား ၃၂၅ကောင် မွေးမြူထားပါသည်။ ကျန်ရှိသည့် ပြောင်ခေါင်းကြီး မွေးမြူရေးဇုန် (လယ်ဝေး)၊ နဘူးကျင်း မွေးမြူရေးဇုန်နှင့် ရေဦး မွေးမြူရေးဇုန် (ရမည်းသင်း) တို့မှာ မြေဖော်ထုတ် လုပ်ငန်းများ ပြီးစီးပြီး မွေးမြူရေးလုပ်ငန်းရှင်များက နေရာချထားဆဲနှင့် မွေးမြူရေး လုပ်ငန်းရှင်များက အဆောက်အအုံများ တည်ဆောက်ဆဲ ဖြစ်ပါသည်။

အာဟာရဓာတ်ပြည့်ဝရေး၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး အတွက် အသားကဏ္ဍ ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါလှသည့် မွေးမြူရေးဇုန် တည်ဆောက်ရေး စီမံကိန်းများသည် နိုင်ငံတော် နှင့် နိုင်ငံသားများအတွက် အရေးပါ။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနသည် အသားထုတ်လုပ်မှုကဏ္ဍ မြင့်မားတိုးတက်ရေးအတွက် မွေးမြူရေးဇုန်များကို တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ လျာထားသည့် ရည်မှန်းချက်ကာလ ငါးနှစ်ပြည့်မြောက်သည့် အချိန်တွင် သတ်မှတ်သည့် တိရစ္ဆာန်ကောင်ရေကို အပြည့်အဝ မွေးမြူနိုင်မည် ဖြစ်ပါသည်။ ၎င်းအချိန်တွင် နေ့စဉ် နို့စားနွားနို့ ပိဿာချိန် ၅၀၀၀၀၊ ဆိတ်ကောင် ရေ ၅၅၀၊ ကြက်ဥ ၃၅၀၀၀၀ နှင့် ကြက်သား ပိဿာ ၈၂၀၀ခန့် တိုးတက်ထုတ်လုပ် နိုင်မည်ဖြစ်ပြီး တစ်နှစ်လျှင် နွားနို့ ၂၉၄၃၅တန်၊ ဆိတ်ကောင်ရေ ၂၀၀၀၀၀၊ ကြက်ဥလုံးရေ သိန်း ၁၂၆၀ နှင့် ကြက်သားပိဿာ ၃၄ သိန်း ထုတ်လုပ်နိုင်မည် ဖြစ်ပါသည်။

အာဟာရဓာတ် ပြည့်ဝရေး၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေးအတွက် အသားကဏ္ဍ ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါလှသည့် မွေးမြူရေးဇုန် တည်ဆောက်ရေး စီမံကိန်းများသည် နိုင်ငံတော်နှင့်နိုင်ငံသားများအတွက် အရေးပါသော စီမံကိန်းပင်ဖြစ်ကြောင်း မှတ်တမ်းတင် ဂုဏ်ပြု ရေးသားတင်ပြလိုက်ရပါသည်။ ။

မင်းပြင်မွေးမြူရေးဇုန်ရှိ ပုဂ္ဂလိက နို့စားနွားမွေးမြူရေးခြံအား မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ကြည့်ရှုစဉ်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနသည် သားငါးထုတ်လုပ်မှုတိုးတက်ရေး၊ ကုန်ဈေးနှုန်း တည်ငြိမ်ကျဆင်းရေး၊ မွေးမြူရေးဇုန်များ တည်ဆောက်ခြင်းဖြင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိလာရေးနှင့် ပြည်ပမှတင်သွင်းနေရသည့် နို့နှင့် နို့ထွက်ပစ္စည်းများ သွင်းကုန်အစားထိုး ထုတ်လုပ်နိုင်ရေးတို့အတွက် နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် မွေးမြူရေးဇုန်များကို ဖော်ထုတ်တည်ဆောက်ခဲ့ခြင်းဖြစ်။

မုံရွာ အလက(၁)ပညာတံခွန်ကျောင်းဆောင်သစ် ပေးအပ်ပွဲကျင်းပ တိုင်းမှူးဗိုလ်ချုပ်သာအေးတက်ရောက် ဖဲကြိုးဖြတ်နှိပ်ဖွင့်လှစ်ပေး

ငွေကျပ် ၂၁၅ သိန်းအကုန်အကျခံ ဆောက်လုပ်ခဲ့

နေပြည်တော် ဇွန် ၁၉

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေးသည် တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၁၁ ရက် နံနက်ပိုင်းက မုံရွာအောင်ချမ်းသာရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာ အလယ်တန်းကျောင်း၊ အခြေခံပညာအထက်တန်းကျောင်းခွဲသို့ ရောက်ရှိပြီး ပညာတံခွန်ကျောင်းဆောင်သစ် ပေးအပ်ပွဲသို့ တက်ရောက်သည်။

အစီအစဉ်အရ ရှေးဦးစွာ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးထွန်းရှင်၊ မြို့နယ်ပညာရေးမှူး ဒေါ်စန်းစန်းမြင့်နှင့် တာဝန်ခံကျောင်းအုပ်ကြီး ဦးအုန်းရွှေတို့က ပညာတံခွန် နှစ်ထပ် ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးက ကျောင်းဆောင်သစ်မော်ကွန်းကမ္ပည်းကျောက်စာအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

လှည့်လည်ကြည့်ရှု

ထို့နောက် တိုင်းမှူးသည် ကမ္ပည်းကျောက်စာအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ ပညာတံခွန်ကျောင်းဆောင်သစ်အား လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ပညာတံခွန်ကျောင်းဆောင်သစ်ပေးအပ်ပွဲကို ကျင်းပရာ တိုင်းမှူးက အမှာစကားပြောကြားပြီး ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌ ဦးထွန်းရှင်က ကျောင်းဆောင်သစ်ဆောက်လုပ်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ပညာရေးဌာနသို့ လွှဲပြောင်း

ထို့နောက် တာဝန်ခံကျောင်းအုပ်ကြီးက ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲအထိမ်းအမှတ်အလံများကို တိုင်းမှူးနှင့် တာဝန်ရှိသူများထံ ပေးအပ်ပြီးနောက် ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌက ကျောင်းဆောင်သစ်ဆောက်လုပ်ရေး မှတ်တမ်းစာရင်းဇယားများအားပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ရာ တိုင်းပညာရေးမှူး ဦးမြင့်ရွှေက လက်ခံယူသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ တိုင်းမှူးက အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်းခွဲအတွက် ကျောင်းသုံးဗလာစာအုပ်များ၊ အားကစားပစ္စည်းများ၊ ကျောင်းစိမ်းဝတ်စုံများနှင့် ငွေကျပ်လေးသိန်းတန်ဖိုးရှိ သွပ်များကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူသည်။

ထို့နောက် အလှူရှင်များက ကျောင်းဆောင်သစ်အတွက် လှူဒါန်းငွေများ ပေးအပ်ကြရာ ဟွန်ဒါမြန်မာကုမ္ပဏီက လှူဒါန်းငွေကျပ် ၁၀ သိန်း၊ စံပြသစ်စက် ဦးဌေးဝင်းက ငွေကျပ် ငါးသိန်း၊တင်ဝင်းထွန်းကုမ္ပဏီက ငွေကျပ် သုံးသိန်း၊ အလှူရှင်များမှ စုပေါင်းလှူဒါန်းငွေကျပ် ၃၆ သိန်းအား လှူဒါန်းသူများကိုယ်စား ဦးဟန်သိန်းက ပေးအပ်လှူဒါန်းရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံယူကြသည်။

၂၁၅ သိန်းကုန်ကျ

အဆိုပါ ပညာတံခွန်ကျောင်းဆောင်သစ်မှာ နှစ်ထပ်သုံးခန်းဆောင် အမျိုးအစားဖြစ်ပြီး တန်ဖိုးငွေကျပ် ၂၁၅ သိန်း ကုန်ကျကာ ပညာရေးဌာနမှ ခွင့်ပြုငွေ သိန်း ၇၀၊ အလှူရှင်များမှ စုပေါင်းလှူဒါန်းငွေကျပ် ၁၄၅ သိန်းဖြင့် ဆောက်လုပ်ပြီးခဲ့ကြောင်း သိရှိရသည်။

အမှာစကားပြောကြား

မွန်းလွဲပိုင်းတွင် တိုင်းမှူးသည် တိုင်းစစ်ဌာနချုပ် ဇေယျသီရိခန်းမ၌ ကျင်းပသော ၂၀၀၇-၂၀၀၈ ခုနှစ် ကျောင်းဝတ်စုံနှင့် ကျောင်းသုံးဗလာစာအုပ်ထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက် အမှာစကားပြောကြားသည်။

ထောက်ပံ့ငွေပေးအပ်

ထို့နောက် တိုင်းမှူးက တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်များသို့ ထောက်ပံ့ငွေပေးအပ်ရာ တပ်နယ်များကိုယ်စား မုံရွာတပ်နယ်မှူး ဒုတိယ ဗိုလ်မှူးကြီး ကျော်ကျော်ဦးက လက်ခံရယူသည်။

ဆက်လက်က တိုင်းမှူးက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း အလုံတပ်မြို့ တပ်နယ်မိသားစုမှ အမျိုးသားကျောင်းသားများအတွက် ဗလာစာအုပ်နှင့် ကျောင်းဝတ်စုံများကို ထောက်ပံ့ပေးအပ်ရာ ကျောင်းသားကိုယ်စားလှယ်တစ်ဦးက လက်ခံရယူသည်။

ထောက်ပံ့ပစ္စည်းများပေးအပ်

ထို့နောက် တိုင်းမှူး၏ဇနီးဒေါ်ဝေဝေခိုင်က အလုံတပ်မြို့ တပ်နယ်မိသားစုမှ အမျိုးသမီးကျောင်းသူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ရာဘော်ဒါဆောင်နေ ကျောင်းသူကိုယ်စားလှယ်တစ်ဦးက လက်ခံရယူသည်။

လက်ခံရယူ

ဆက်လက်၍ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်အုန်းက အလုံတပ်မြို့နေ ကျောင်းသား ကျောင်းသူ ၅၀ သို့ ဗလာစာအုပ်နှင့် ကျောင်းဝတ်စုံများကို ထောက်ပံ့ပေးအပ်ရာ ခေတ္တကျောင်း အုပ်ချုပ်ရေးမှူး တာဝန်ခံအရာရှိက လက်ခံရယူသည်။

လှူဒါန်း

ဆက်လက်၍ ဟွန်ဒါမြန်မာကုမ္ပဏီက ငွေကျပ် ၁၀ သိန်း၊ ဂျေအယ်စီကုမ္ပဏီက ငွေကျပ် ၁၀ သိန်း၊ ဖွဲ့မြင့်မြတ်ကုမ္ပဏီက ငွေကျပ် ငါးသိန်း၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးက ငွေကျပ် ငါးသိန်း၊ အလှူရှင်များက လှူဒါန်းငွေစုစုပေါင်း၅၄သိန်းငါးသောင်းကို ပေးအပ်ကြရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သတင်း ရရှိသည်။

(သတင်းစဉ်)

မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းသို့ ငွေလှူဒါန်း

ရန်ကုန် ဇွန် ၁၉

မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း အင်းစိန်ကကြီးမှူး၍ ဇွန် ၂၆ ရက်တွင် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးအလွဲသုံးမှုနှင့် တရားမဝင်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် မြို့နယ်အတွင်းရှိ အခြေခံပညာ ကျောင်းပေါင်းစုံ စာစီစာကုံး၊ ကဗျာ၊ ပန်းချီပိုစတာပြိုင်ပွဲ ဆုရရှိသူများ ဆုချီးမြှင့်ရန်နှင့် မူးယစ်ဆေးဝါးဆန့်ကျင်ရေးပြတိုက်၊ ရုပ်ရှင်ပြတိုက်သို့ လေ့လာရေးခရီးသွားမည့် ကျောင်းသား ကျောင်းသူများအတွက် အလှူငွေပေးအပ်ပွဲကို ယမန်နေ့ နံနက်ကကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးယုနိုင်နှင့် ဇနီး ဒေါ်ဖြူပြာဝင်းမိသားစုက ငွေကျပ် ၅၀၀၀၀၊ ဦးထွန်းကြည်-ဒေါ်တင်မာလာ(အောင်ချမ်းသာရောင်းဝယ်ရေးမိသားစု) တောင်သူ ကုန်းရပ်ကွက် အင်းစိန်က ငွေကျပ် ၂၇၀၀၀၊ ဦးအောင်မြင့်-ဒေါ်အမာဆွေ (ဘဏ္ဍာ ရေးမှူးမိသားစု) မြို့သစ် က+ခရပ်ကွက် အင်းစိန်က ငွေကျပ်၂၀၀၀၀၊ ဦးစိုးဝင်း (စဥ့်ကူစိုးဝင်း)-ဒေါ်မိမိရီ(အလက-၁၊ အင်းစိန်)က ငွေကျပ် ၁၅၀၀၀၊ PMGကုမ္ပဏီက ငွေကျပ် ၃၀၀၀၀ တန်ဖိုးရှိသော သောက်ရေသန့်ဘူး ၁၅၀တို့ကို ပေးအပ်လှူဒါန်းရာ အဖွဲ့ဥက္ကဋ္ဌ ဦးယဉ်ကျော်(ဒါရိုက်တာ မောင်ယဉ်ကျော်)နှင့် အဖွဲ့ဝင်များက လက်ခံယူကြသည်။

လှူဒါန်းလိုသူများသည် ဦးယဉ်ကျော် (အိမ်)ဖုန်း-၀၁-၆၄၃၀၆၁၊ (ရုံး) ၀၁-၃၇၉၅၂၈တို့သို့ ဆက်သွယ် လှူဒါန်းနိုင်သည်။ **(က-ပ)**

အပ်ချုပ်စက် စက်ရုံ (ကျောက်ဆည်)၌ ကြက်ဆူဆီမီးဖို စမ်းသပ်တီထွင် သုံးစွဲနည်းနှင့် တီထွင်ထုတ်လုပ်မှု အဆင့်ဆင့်ရှင်းလင်း

ကျောက်ဆည်စက်မှုနယ်မြေရှိ စက်ရုံများပူးပေါင်းထုတ်လုပ်ခြင်းဖြစ်

နေပြည်တော် ဇွန် ၁၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဇွန် ၁၆ ရက် ညနေပိုင်းက မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံ တိုက်သစ်၌ ရွှေကျင်နိကာယ ဓိပတိဥက္ကဋ္ဌ မဟာနာယက (ရွှေကျင်သာသနာပိုင်) နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအဂ္ဂိယအား လည်းကောင်း၊ မြဲတောင်တိုက် သာသနပါလ ရွှေဝါဝင်းကျောင်းတိုက်၌ မန္တလေးတိုင်း သံဃနာယကဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသာသနာဘိဝံသအားလည်းကောင်း၊ တောင်စလင်းတိုက်သစ် မဟာအောင်မြေ ဓမ္မဗိမာန်၌ တောင်စလင်း တိုက်သစ် ပဓာနမဟာနာယက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် နိုင်ငံတော်ဝိနည်းဓိုရ် အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တတိက္ခ (ဝါခင်းကုန်း)ဆရာတော်အားလည်းကောင်း ဖူးမြော်ကြည်ညို၍ သက်န်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

စမ်းသပ်တီထွင်

ဝန်ကြီး ဦးအောင်သောင်းသည် ဇွန် ၁၇ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများလိုက်ပါ၍မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် စက်ရုံများနယ်မြေရှိ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း အပ်ချုပ်စက်စက်ရုံ (ကျောက်ဆည်)၌ ကြက်ဆူဆီမီးဖို စမ်းသပ်တီထွင်မှုကိုကြည့်ရှုရာ စက်ရုံမှူး ဦးသန်းဦးက ကြက်ဆူဆီ မီးဖိုသုံးစွဲနည်း၊ ကြက်ဆူဆီမီးဖို ပြုပြင် ထိန်းသိမ်းနည်းနှင့် တီထွင်ထုတ်လုပ်မှု အဆင့်ဆင့်ကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ကြက်ဆူဆီ မီးဖိုအသုံးပြု စမ်းသပ်ပြသခြင်းကို လည်းကောင်း၊ ကြက်ဆူဆီမီးဖိုတွင် ပါဝင်သော မီးဖိုကိုယ်ထည်၊ လေကာ၊ မီးပြောင်း၊ ဆီငွေ့ပျံ ပစ္စည်းများ၊ ဆီတိုင်ကီ အဝင်ခေါင်း၊ ဆီငွေ့ပျံပိုက်၊တီပုံစံ သန့်စင်ကိရိယာ၊ ဆီဘူးနှင့် လေထိုးတံ စသည့် အစိတ်အပိုင်းများကို လည်းကောင်း အသေးစိတ်ကြည့်ရှုစစ်ဆေး၍ **(အပေါ်ပုံ)** ဝန်ကြီးက လိုအပ်ချက်များကို မှာကြားသည်။

ပူးပေါင်းထုတ်လုပ်

အဆိုပါ ကြက်ဆူဆီသုံးမီးဖိုကို ကျောက်ဆည်စက်မှုနယ်မြေရှိအပ်ချုပ်စက်စက်ရုံ၊ စက်ဘီးစက်ရုံ၊ ကြွေရည်စိမ်နှင့် စတီးလ်အိမ်သုံးပစ္စည်း စက်ရုံ (မင်းစု)တို့မှ ပူးပေါင်း၍ ထုတ်လုပ်ခြင်းဖြစ်ပြီး ယခုအခါ ရှေ့ပြေးခြောက်လုံးကို စမ်းသပ်ထုတ်လုပ်ပြီးဖြစ်သည်။

ဒီဇိုင်းသစ်အပ်ချုပ်စက်ခေါင်း

ဆက်လက်၍ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း အပ်ချုပ်စက် စက်ရုံ(ကျောက်ဆည်)၏ မူလစက်ခေါင်းပုံစံကိုဝိတ်ဘီး (Weight Wheel)အသစ်နှင့် ပိုမိုသွက်လက်ညက်ညောအောင် စီမံထုတ်လုပ်ထားသော ဒီဇိုင်းသစ် အပ်ချုပ်စက်ခေါင်း အသစ် စမ်းသပ်ချုပ်လုပ်မှုကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းပြသ

ထိုမှတစ်ဆင့် ဝန်ကြီးသည် မြန်မာ့အထည်အလိပ်လုပ်ငန်း စွပ်ကျယ်စက်ရုံ(ကျောက်ဆည်)မှတီထွင်ထုတ်လုပ်သော စပါးခွံ လောင်စာသုံး၍ လျှပ်စစ်မီးထုတ်လုပ်ပြသမှုကို ကြည့်ရှုစစ်ဆေးရာ စက်ရုံမှူး ဦးကိုကိုလွင်က စပါးခွံကို ကတ္တရာမပါအောင် အသုံးပြုပုံ အဆင့်ဆင့်နှင့် လျှပ်စစ်မီးထုတ်လုပ်ပုံ အဆင့်ဆင့်တို့ကို ရှင်းလင်းပြသသည်။

မှာကြား

အဆိုပါ စပါးခွံလောင်စာသုံး လျှပ်စစ်ထုတ်စက်ကို စွပ်ကျယ်စက်ရုံ စက်ရုံမှူးနှင့် အင်ဂျင်နီယာများက တီထွင်ကြံဆ ထုတ်လုပ်ထားခြင်းဖြစ်သည်။ ထို့နောက် ဝန်ကြီးက ကန္တရပင်၊ ပဲစင်းငုံပင်များမှလည်း စမ်းသပ် ထုတ်လုပ်သွားရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီး ဦးအောင်သောင်းသည် မြန်မာ့အထည် အလိပ်လုပ်ငန်း စွပ်ကျယ်စက်ရုံ (ကျောက်ဆည်) သို့ရောက်ရှိ၍ စက်ထိုးစက်ရုံအတွင်း ပြသထားသော ကျားဝတ်၊ မဝတ်စွပ်ကျယ်၊ ရှပ်အင်္ကျီနှင့် ကလေးဝတ် အထည်ဒီဇိုင်းပုံစံသစ်များကိုလည်းကောင်း၊ ဖြတ်စ အလေအလွင့်များမှ ပြန်လည်ထုတ်လုပ်သည့် ကုန်ထုတ်ပစ္စည်းများကို လည်းကောင်း၊ အထည်ချုပ်ဌာန၏ အချောထည်ချုပ်လုပ်မှု လုပ်ငန်းနှင့် စက်ရုံမှ ထုတ်လုပ်သော အထည်ပစ္စည်းအမျိုးမျိုးကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

ရှင်သန်ဖြစ်ထွန်းနေသော ပုသိမ်အကျဉ်းဦးစီးဌာန ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်းနှင့် အမျိုးသားကာကွယ်ဆေးတိုက်နေ့ ဖွင့်ပွဲအခမ်းအနား

တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် တက်ရောက်ကြည့်ရှုအားပေး

ရန်ကုန် ဇွန် ၁၉

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်သည် ဇွန် ၉ ရက် နံနက် ၈ နာရီက ပုသိမ်မြို့ အမှတ် (၅) ရပ်ကွက် ထောင်ကုန်းလမ်းတွင် အကျဉ်းဦးစီးဌာန၏ ခြံစည်းရိုးကြက်ဆူပင် လေးဧကစိုက်ခင်း ရှင်သန်ဖြစ်ထွန်းနေမှုနှင့် ရင့်မှည့်အသီးများ ဆွတ်ခူးနေမှုကို ကြည့်ရှုစစ်ဆေးရာ အကျဉ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးများဖြစ်သော ဦးဆွေတင်နှင့် ဦးကြည်သာတို့က လိုက်လံရှင်းလင်းတင်ပြမှုအပေါ် တိုင်းမှူးက ရှင်သန်ဖြစ်ထွန်းနေသော အပင်များ၏အသီး အထွက်နှုန်းကောင်းစေရန် ကိုင်းပွားများများရရှိအောင် ဆောင်ရွက်ရေးနှင့် ခူးဆွတ်ပြီး အသီးများမှ အောင်မြင်သောမျိုးစေ့များရယူ၍ မြေပေါင်စနစ်ဖြင့် အမြန်ဆုံးပျိုးထောင် စိုက်ပျိုးသွားရေးတို့ကို မှာကြားခဲ့သည်။

ငင်းနောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက ဈေးချောင်းရေစီးရေလာ ကောင်းမွန်အောင် မြောင်းဖော်ဆယ်ယူနေမှုနှင့် သန့်ရှင်းရေးဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားကာ ပုသိမ်တက္ကသိုလ်အဝင်မုခ်ဦး တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် နံနက် ၉ နာရီက ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ကျင်းပသော ဧရာဝတီတိုင်းဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားရာ အခမ်းအနားသို့ တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ တိုင်းမှူး၏ဇနီးဒေါ်သန်းသန်းနွဲ့၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေနှင့် ဦးစီးအရာရှိကြီးများ၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးဦးကျော်စန်းနှင့် အဖွဲ့ဝင်များ၊ တိုင်းခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ တိုင်းကျန်းမာရေး ကော်မတီဝင်များ၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်း(ပုသိမ်အသင်းခွဲ)မှဆရာဝန်များ၊ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုသင်တန်းသူများ၊ လူမှုရေးအသင်းဝင်များ၊ အသက်ငါးနှစ်အောက် ကလေးမိခင်များ တက်ရောက်ကြသည်။

လက်တွဲညီညီပူးပေါင်း

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်က လူမှုရေးအသင်းဝင်များသည် နိုင်ငံတော်က ဆောင်ရွက်နေသော အမျိုးသားကာကွယ်ဆေးတိုက်ကျွေးမှု လုပ်ငန်းစဉ်များ အောင်မြင်ရေးနှင့် ရောဂါကူးစက်မှု ထိန်းချုပ်နိုင်ရန်အတွက် သန့်ရှင်းသောပတ်ဝန်းကျင်နှင့် သောက်သုံးရေရရှိရေး လုပ်ငန်းများတွင် လက်တွဲညီညီပူးပေါင်းဆောင်ရွက်သွားရေး မှာကြားသည်။

ရှင်းလင်းတင်ပြ

ငင်းနောက် တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာဆွေဝင်းက ဧရာဝတီတိုင်း ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များနှင့် ပတ်သက်၍ ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်နှင့်ဇနီး အဖွဲ့ဝင်များသည် အမှတ် (၄) ရပ်ကွက်ရှိ အသက်ငါးနှစ်အောက် ကလေးငယ်များအား ပိုလီယိုကာကွယ်ဆေးများတိုက်ကျွေးကာ **(ဝဲပုံ)** လက်ဆောင်ပစ္စည်းများပေးအပ်ပြီး ကျန်းမာရေးဝန်ထမ်းများ ဆေးတိုက်ကျွေးနေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်ဆောင်ရွက်

အဆိုပါ ဧရာဝတီတိုင်းဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များအဖြစ် ပထမအကြိမ် ဇွန် ၉ ရက်မှ ၁၃ ရက်အထိ လည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် ဇူလိုင် ၄ရက် မှ ၈ ရက်အထိလည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်သည်။

ငင်းနောက် တိုင်းမှူးနှင့်ဇနီး အဖွဲ့ဝင်များသည် ပုသိမ်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ဧကရာဇ်ခန်းမတွင် ကျင်းပသော ဧရာဝတီတိုင်း ၂၀၀၇ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာပြိုင်ပွဲတွင် အဆင့်(၂)၌ ပြိုင်ပွဲဝင် ၁၄ဦး၊ အဆင့်(၃)၌ ပြိုင်ပွဲဝင် ၂၂ဦး၊ အဆင့်(၄)၌ ပြိုင်ပွဲဝင် သုံးဦးတို့ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဇွန် ၁၆ရက်က တောင်ငူမြို့နယ် သတင်းထောက် ဦးကျော်လှနှင့် ဒေါ်ဒေဝကီးဒေဝီတို့၏(၅၂)နှစ်မြောက် မင်္ဂလာအဖြစ် သမာဓိမိသားစုက အလှူငွေကျပ်တစ်သိန်းကို တောင်ငူမြို့ စည်ပင်ဂိုဏ်းအုပ် စာသင်တိုက်ပဓာနနာယက ဆရာတော်ဘဒ္ဒန္တဉာဏိန္ဒာလင်္ကာရ၏ ရှေ့မှောက်တွင်ဓမ္မဝိဟာရီ သံဃာတော်များအတွက် ပေးအပ်လှူဒါန်းရာ ကပ္ပိယကာရက ဆရာကြီးဦးရန်အောင်(သြ/သု)က လက်ခံယူပြီး အလှူရှင် မိသားစုများအား ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (၃၇၂)

ပြည်သူ့အကျိုးစီးပွား အစဉ်အလေးအနက်ထား လုပ်ဆောင်ပေး နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအသိအမြင်များ အစဉ်လေ့လာ

ရန်ကုန် ဇွန် ၁၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အင်းစိန်မြို့နယ်တာဝန်ခံ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဦးခင်မောင်မြင့်သည် ဇွန်၁၆ရက် မွန်းလွဲပိုင်းက ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အုပ်စုနယ်မြေ(၃) ပိန္နဲကုန်းရပ်ကွက် သဲအင်းဂူဓမ္မာရုံခန်းမ၌ ကျင်းပသည့် အခြေခံစည်းရုံးရေးသင်တန်း အမှတ်စဉ်(၃၀) ဖွင့်ပွဲ၊ အသင်းဝင် အဆိုပြုလွှာများပေးအပ်ပွဲနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

တိုးပွားသိမြင်

အခမ်းအနားတွင် ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင် အင်းစိန်မြို့နယ် တာဝန်ခံ ဝန်ကြီး ဦးခင်မောင်မြင့်က အခြေခံ စည်းရုံးရေးသင်တန်းအမှတ်စဉ် (၃၀) သင်တန်းဖွင့်ပွဲတွင် အဖွင့်အမှာစကားပြောကြားရာ၌ ယနေ့ကာလတွင် နိုင်ငံတော်အစိုးရက နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ခေတ်မီနိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာအောင် ဖော်ဆောင်ချီတက်လျက်ရှိကြောင်း၊ အမျိုးသားညီလာခံကြီးကိုလည်း အပိုင်းလိုက် အဆင့်ဆင့် အောင်မြင်စွာ ကျင်းပလျက်ရှိပြီး နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ရေရှည်အကျိုး မျှော်မှန်းပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်အဖြစ် ရောက်ရှိဖြစ်တည်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အသင်းသားအသင်းသူများနှင့် သင်တန်းသား သင်တန်းသူများသည်လည်း ပြည်သူထဲက ပြည်သူများဖြစ်သည့်အတွက် ပြည်သူ့အကျိုးစီးပွား အစဉ်အလေးအနက်ထား လုပ်ဆောင်ပေးသွားရန် လိုအပ်ကြောင်း၊ ဒေသနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်စေရေးသည် ဒေသရှိပြည်သူအားလုံးမှာ အဓိက တာဝန်ရှိနေကြောင်း၊ ထို့ကြောင့် အသင်းသား အသင်းသူများအားလုံး ယနေ့အချိန်ကာလ ခေတ်ရေစီးကြောင်းနှင့်အတူ နိုင်ငံရေးအသိအမြင်၊ စီးပွားရေးအသိအမြင်နှင့် လူမှုရေးဆိုင်ရာ အသိအမြင်များ တိုးပွားသိမြင်နေစေရေးအတွက် အစဉ်လေ့လာသင်ယူနေကြရန် လိုအပ်ကြောင်း။

တိုက်တွန်းမှာကြား

ယနေ့လူငယ်လူရွယ် အသင်းဝင်အားလုံး လူတော်လူကောင်းများဖြစ်ပေါ်စေရေးနှင့် အသင်းကြီးအကျိုး၊ ဒေသအကျိုး၊ ပြည်သူ့အကျိုးနှင့် နိုင်ငံတော်အကျိုးထမ်းရွက်နိုင်သည့် နိုင်ငံ့ရတနာလူတော်လူကောင်းများ ဖြစ်ပေါ်စေရန်မှာ အခြေခံစည်းရုံးရေးပညာရပ်များ၊ ခေတ်သစ်စာပေ အသိပညာ၊ အတတ်ပညာများ ပြည့်ဝနေရန်မှာ အရေးကြီးကြောင်း၊ အမှားနှင့်အမှန်၊ အကောင်းနှင့်အဆိုး ပိုင်းခြားဝေဖန်ပြီး မိမိဒေသ၊ မိမိမြို့နယ် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးနှင့် အသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်များ အောင်မြင်ဖြစ်ထွန်းစေရေးအတွက် ပြည်သူများနှင့် ပူးပေါင်းစွမ်းဆောင်သွားကြရန် လိုအပ်ကြောင်းဖြင့် တိုက်တွန်း မှာကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် အင်းစိန်မြို့နယ် တာဝန်ခံ ဝန်ကြီးက အင်းစိန်မြို့နယ်အသင်းအတွက် စာအုပ်နှင့်စာရေးကိရိယာများ ပေးအပ်လှူဒါန်းပြီး**(ဝဲပုံ)** အသင်းဝင် အဆိုပြုလွှာ အစောင်၃၀၀ကို ရပ်မိရပ်ဖ ဦးထွန်းမင်းထံမှ လက်ခံယူသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ အသင်းကြီးအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ကျင်းပရာ ရန်ကုန်ထရန်စဖော်မာကုမ္ပဏီတာဝန်ခံ ဦးထွန်းလင်းသောင်းက ငွေကျပ်တစ်သိန်း၊ အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေက ငွေကျပ်သုံးသောင်း၊ ပိန္နဲကုန်းရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုထွန်းက ငွေကျပ်ခြောက်သောင်း၊ ဈေးကုန်းရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇေယျာထွန်းက ငွေကျပ်လေးသောင်းတို့ကို ပေးအပ်လှူဒါန်းရာ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်စိုးက လက်ခံယူပြီး ကွက်သစ်ရပ်ကွက် ဈေးကုန်းနှင့်မြို့သစ်(၈) ရပ်ကွက်တို့မှ ပေးအပ်သော အလှူငွေများကို ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသာဝင်းက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများအား ပြန်လည်ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အင်းစိန်မြို့နယ် တာဝန်ခံ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က အသင်းသား အသင်းသူများ၊ ရပ်မိရပ်ဖများ၊ သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တရားရုံးချုပ်(နေပြည်တော်) တရားမအထူး အယူခံမှုကြားနာ

နေပြည်တော် ဇွန် ၁၉

တရားရုံးချုပ်(မန္တလေး) ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ် တရားရုံးချုပ် (မန္တလေး)၊ တရားရုံးချုပ်တရားသူကြီးများဖြစ်ကြသော ဦးစိန်လှိုင်နှင့်ဦးကျော်ဝင်းတို့ ပါဝင်သော အထူးအယူခံခုံရုံးသည် ယမန်နေ့ နံနက် ၁၀ နာရီက တရားရုံးချုပ်(နေပြည်တော်)တရားခွင်အမှတ်(၁)၌ ရုံးထိုင်၍ ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေ ပုဒ်မ (၇)အရ တင်သွင်းသည့်တရားမ အထူးအယူခံမှုလေးမှုကို ကြားနာကြကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

ဇွန် ၁၂ ရက်က ရန်ကုန်မြို့ မြတ်စေတနာနှင့် မြတ်မေတ္တာ သူနာပြု အကူသင်တန်းမှ ဆရာမ ဒေါ်ခိုင်ဝါမြင့်၊ ဒေါ်အိဖြူကျော်၊ ဒေါ်အိအိချို တို့ ဦးဆောင်သော သင်တန်းသူများက (ဦးလှထွန်း၊ ကင်ဆာဖောင်ဒေးရှင်း)၊ အုပ်ချုပ်ရေးမှူးချုပ် ဦးပြုံးထံ လစဉ် အလှူငွေကျပ် ငါးသောင်း ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

လမ်းပန်းဆက်သွယ်ရေးကဏ္ဍ တိုးတက်ရေး စီမံကိန်းသစ်များတိုးချဲ့ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးကဏ္ဍ ပိုမိုထိရောက်စွာစွမ်းဆောင်

နေပြည်တော် ဇွန် ၁၉

ရထားပို့ဆောင်ရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၉ နာရီက နေပြည်တော်ရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ကျင်းပရာ ဝန်ကြီးဗိုလ်ချုပ်အောင်မင်း တက်ရောက် အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် သူရဦးသောင်းလွင်နှင့် ဦးဖေသန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းမိတ္ထီလာမှ ကျောင်းအုပ်ကြီးနှင့် အကြံပေးပုဂ္ဂိုလ်များ၊ ပြည်နယ်နှင့်တိုင်းများမှ အရာရှိများနှင့်တာဝန်ရှိပုဂ္ဂိုလ်များတက်ရောက်ကြသည်။

အမှာစကားပြောကြား

အစည်းအဝေးတွင်ဝန်ကြီးဗိုလ်ချုပ်အောင်မင်းက အမှာစကား ပြောကြားရာတွင် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းအောင်မြင်အောင် ဆောင်ရွက်ရသကဲ့သို့ ပစ္စည်းများ၊ ငွေကြေးများ သုံးစွဲရာတွင်လည်း စနစ်တကျ ဆောင်ရွက်ကြရန်၊ စီမံကိန်းအဟောင်းများကို အမြန်ဆုံး ပြီးပြတ်အောင် ဆောင်ရွက်ရကြောင်း၊ နိုင်ငံတော်၏ လမ်းပန်းဆက် သွယ်ရေးကဏ္ဍ ပိုမိုတိုးတက်ရေးတွင် စီမံကိန်းအသစ်များကိုလည်း တိုးချဲ့ဆောင်ရွက်နေရ၍ အားကြိုးမာန်တက် ကြိုးစားဆောင်ရွက်ကြရန်လိုကြောင်း၊ စက်ခေါင်းနှင့်အဆင့်မြင့်တွဲများ ပြည်တွင်း၌ တည်ဆောက်ရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိပြီး ကုန်စည်ပို့ဆောင်ရေးကဏ္ဍနှင့် ခရီးသည်ပို့ဆောင်ရေးကဏ္ဍကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်တော့မည်ဖြစ်၍ မိမိတို့ဌာနများအနေဖြင့် လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားစွာ ဆောင်ရွက်ခြင်းဖြင့် ဂုဏ်ယူလုပ်ကိုင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ရထားလမ်းပိုင်းများ ပိုမိုကြံ့ခိုင်ကောင်းမွန်အောင် ရန်ကုန်-မန္တလေးလမ်းပိုင်း၊ မန္တလေး-မြစ်ကြီးနားလမ်းပိုင်း၊ ရန်ကုန်-မော်လမြိုင်လမ်းပိုင်း၊ ပုသိမ်-ဟင်္သာတလမ်းပိုင်း၊ ရန်ကုန်-ပြည်လမ်းပိုင်းများတွင် ကွန်ကရစ် ဇလီဖားတုံးများ အစားထိုးလဲလှယ် အသုံးပြုခဲ့ကြောင်းနှင့် လမ်းပိုင်းများ ကြံ့ခိုင်ရေး ပိုမိုထိရောက်ကောင်းမွန်အောင် ဆောင်ရွက်ရန်အတွက် ကွန်ကရစ်ဇလီဖားတုံးများ တိုးချဲ့ဆောက်လုပ် ဆောင်ရွက်သွားမည်ဖြစ်ပြီး စက်သုံးဆီကို အလေအလွင့်မရှိအောင် ထိန်းသိမ်းဆောင်ရွက်သွားကြရန်နှင့် မိုးတွင်းပိုင်းကျရောက်လာပြီဖြစ်၍ရေအန္တရာယ်ကင်းရှင်းရန်အတွက် ရထားလမ်းပိုင်းများတွင် ရေကင်းများ ချ၍ရေလွှမ်းမိုးခြင်းအန္တရာယ်မှကာကွယ်နိုင်ရန် အစီအမံများပြုလုပ်ထားရန် လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးများဖြစ်ကြသော သူရဦးသောင်းလွင်နှင့် ဦးဖေသန်းတို့က ဝန်ထမ်းများ အနေဖြင့် မိမိတို့ကျရာဒေသ၊ တာဝန်ကျရာဒေသများတွင် တာဝန်ထမ်းဆောင်စဉ်၌ မိမိတို့ထိတွေ့ရသည့် ပြည်သူများ၊ မိမိတို့ဌာနတွင် လုပ်ငန်းလာရောက်ဆောင်ရွက်သူများ၊ ခရီးသည်များ၊ ကုန်စည် လာရောက်တင်ပို့သူများစသည်တို့ကို မှန်ကန်သောနည်းလမ်း၊ မှန်ကန်သောစေတနာဖြင့် လုပ်နည်းလုပ်ဟန် မှန်ကန်စေရေးတို့အတွက် တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ စီမံကိန်းများတွင် ပစ္စည်းများ အလေအလွင့်မရှိအောင် ဆောင်ရွက်ရန်တို့ကို ရှင်းလင်းမှာကြားသည်။

ဆွေးနွေးတင်ပြ

ထို့နောက် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ကျောင်းအုပ်ကြီးတို့က ဌာနအလိုက် လုပ်ငန်းဆိုင်ရာဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက နိဂုံးချုပ် အမှာစကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်းသိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဒေါက်တာသန်းဦး သာကေတမြို့နယ် မြန်မာညွှန့် (ဘုန်းတော်ကြီးသင်) ပညာရေးကျောင်းအတွက် ကျောင်းသုံး စာရေးကိရိယာများ နှင့် အလှူငွေများကို ပေးအပ်လှူဒါန်းစဉ်။
(မိခင်/ကလေး)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကျောင်းသုံးပစ္စည်းများနှင့် အလှူငွေများပေးအပ်လှူဒါန်း

ရန်ကုန် ဇွန် ၁၉

မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာသန်းဦးနှင့် အဖွဲ့ဝင်များသည် ဇွန် ၁၈ ရက် နံနက်တွင် သာကေတမြို့နယ် မြန်မာညွှန့် (ဘုန်းတော်ကြီးသင်) ပညာရေးကျောင်းသို့ ကျောင်းသုံးစာရေးကိရိယာများနှင့် အလှူငွေတို့ကို ကျောင်းထိုင်ဆရာတော်ကြီး ဘဒ္ဒန္တသောဘဏထံ ပေးအပ်လှူဒါန်းသည်။

လှူဒါန်း

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့ဝင်များသည် မြောက်ဥက္ကလာပမြို့နယ် ဓမ္မလင်္ကာရ(ဘုန်းတော်ကြီးသင်)ပညာရေးကျောင်းသို့ သွားရောက်ကာ ကျောင်းသုံးစာရေးကိရိယာများနှင့် အလှူငွေတို့ကို ကျောင်းထိုင်ဆရာတော်ကြီး ဘဒ္ဒန္တစန္ဒာဝရထံ လှူဒါန်းသည်။

အဆိုပါအခမ်းအနားများတွင် ဗဟိုအလုပ်အမှုဆောင်ဒေါက်တာသန်းဦးက ကျောင်းသုံးစာရေးကိရိယာများနှင့် အလှူငွေများ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းလျှောက်ထားပြီး ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များက တစ်ကျောင်းလျှင် ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၅၀၊ ရောင်စုံခဲတံ၊ ရိုးရိုးခဲတံ၊ ခဲဖျက်များနှင့် အလှူငွေကျပ်တစ်သိန်းစီ လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ညောင်လေးပင်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇွန် ၁၉

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးကို ဇွန် ၃၀ ရက် နံနက် ၉ နာရီခွဲ ရန်ကုန်မြို့ အာဇာနည်လမ်း ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်ရှိ ရခိုင်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားတွင် ဘွဲ့တံဆိပ် တော်ရ ဆရာတော်နှင့် သီလရှင်ဆရာကြီးတို့အား လှူဒါန်းပူဇော်ခြင်း၊ အသက် (၇၅)နှစ်နှင့်အထက် သက်ကြီးများအား ပူဇော်ကန်တော့ခြင်း၊ နိုင်ငံတော်မှ ချီးမြှင့်သည့် ဘွဲ့တံဆိပ်၊ ဂုဏ်ထူးဆောင်တံဆိပ်နှင့် ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုခြင်း၊ ၂၀၀၆-၂၀၀၇ ခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သူများအား ပညာရည်ချွန်ဆုပေးခြင်း၊ မြို့နယ်အသင်းအတွက် ငွေလှူဒါန်းသော အလှူရှင်များအား ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် နံနက်စာဖြင့်တည်ခင်းဧည့်ခံခြင်းများ စီစဉ်ဆောင်ရွက်ထားသည်။

အသင်းသူ အသင်းသားများအနေဖြင့် အသက်(၇၅)နှစ်နှင့်အထက် သက်ကြီးစာရင်းနှင့် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူများစာရင်းကို ဦးအေးဝင်း ဖုန်း-၀၁ ၃၉၄၅၁၂၊ ဒေါ်စန်းစန်းမြင့် ဖုန်း-၀၁-၂၂၆၂၅၀၊ ဒေါ်မူမူ ဖုန်း-၀၁-၅၆၀၀၀၉၊ ဒေါ်ကြင်စိန် ဖုန်း-၀၁-၂၉၄၄၈၄၊ ဗိုလ်ကြီးလှဝင်း(အငြိမ်းစား) ဖုန်း-၀၁-၅၂၆၁၅၄ တို့သို့ အချိန်မီပေးပို့ကြရန်နှင့် အလှူငွေထည့်ဝင်လှူဒါန်းလိုသူများသည် အစည်းအဝေးကျင်းပသည့်နေ့တွင် အလှူခံဌာန၌ လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အာဆီယံ ပြန်ကြားရေးဆိုင်ရာ လုပ်ငန်းအစည်းအဝေး၏ အာဆီယံ ပူးပေါင်းဆောင်ရွက်မှု ခရီးသွားလုပ်ငန်း ဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇွန် ၁၉

(၅)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆိုင်ရာ လုပ်ငန်းအစည်းအဝေး [ASEAN Information Seminar Series Year V(Fy 2006-2007]၏ အာဆီယံပူးပေါင်းဆောင်ရွက်မှု ခရီးသွားလုပ်ငန်း (Initiative for ASEAN Integration : Tourism Sector) ဆွေးနွေးပွဲကို ယမန်နေ့နံနက် ၈နာရီခွဲက ရန်ကုန်မြို့ လှိုင်တက္ကသိုလ် နယ်မြေရှိ မြန်မာအင်ဖိုတက် အဆောက်အအုံ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အာဆီယံ ယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ ပြန်ကြားရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး**(အပေါ်ပုံ)**က အဖွင့်အမှာစကား ပြောကြားပြီး ဆွေးနွေးပွဲကို ခေတ္တရပ်နားသည်။

ဖတ်ကြားဆွေးနွေး

ထို့နောက်ဆွေးနွေးပွဲကိုဆက်လက်ကျင်းပရာ သဘာပတိအဖြစ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက ဆောင်ရွက်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဘွားက Overview on ASEAN ကို လည်းကောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်အေးက Initiative for ASEAN Integration Roadmap for Integration of Tourism Sector ကို လည်းကောင်း ဖတ်ကြားဆွေးနွေးကြသည်။

ဆက်လက်၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန National AFTA Unit မှ ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက ASEAN Economic Community (AEC) ကို လည်းကောင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်တင်တင်ဝင်းက ASEAN Investment Policy and Opportunities ကို လည်းကောင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန National AFTA Unit မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သီတာမြင့်က Trade in Services ကိုလည်းကောင်း အသီးသီးဖတ်ကြားဆွေးနွေးကြပြီး ဆွေးနွေးပွဲကို ခေတ္တရပ်နားသည်။

ယင်းနောက် ဆွေးနွေးပွဲကို မွန်းလွဲပိုင်းတွင်ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် ရန်ကုန်တက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးပညာဌာန ပါမောက္ခ(ဌာနမှူး)(အငြိမ်းစား)ဒေါက်တာဒေါ်မြင့်ကြည်ကဆောင်ရွက်ပြီး ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးလှိုင်ဦးက Liberalization of Tourism Services Sector ကို လည်းကောင်း၊ ပညာရေး ဝန်ကြီးဌာန ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန ပါမောက္ခဌာနမှူး ဒေါ်ခင်ဆွေမြင့်က Tourism Knowledge for People ကို လည်းကောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါ်နန္ဒာမွန်းက The ASEAN Committee on Culture and Information ကို လည်းကောင်း၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း တွဲဖက်အတွင်းရေးမှူး(၁)ဦးသက်လွင်တိုးက Situation on Myanmar Tourism Development in Line of Partnership with Public & Private Sectors ကို လည်းကောင်း အသီးသီး ဖတ်ကြားဆွေးနွေးကြသည်။

ဆွေးနွေးမေးမြန်း

ထို့နောက် တက်ရောက်လာကြသူများက သိလိုသည်များကို ဆွေးနွေးမေးမြန်းကြပြီး နိုင်ငံခြားရေး ဝန်ကြီးဌာန အာဆီယံရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဘွားက နိဂုံးချုပ် အမှာစကား ပြောကြားကာ ဆွေးနွေးပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၀-၆-၂၀၀၇ရက်(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ အတီးပြိုင်ပွဲ
- ၈:၀၅ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈:၂၀ ၇။ အဆိုပြိုင်ပွဲ
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Let's go
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
- ၁၆:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၁၇:၀၀ ၅။ သီချင်းကြီးပဒေသာ
- ၁၇:၁၅ ၆။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၁၇:၂၅ ၇။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
- ၁၈:၀၀ ၈။ ညနေခင်းသတင်း
- ၁၈:၃၀ ၉။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၀။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၁၉:၀၅ ၁၁။ တေးဂီတအစီအစဉ်
- ၁၉:၂၀ ၁၂။ **"လုံလုံလုံ" ဖိုးညာဏ်၊ မေကဗျာ (ဒါရိုက်တာ-မလိခစိုးထိုက်အောင်)**
- ၁၉:၃၀ ၁၃။ မူးယစ်ဆေးဝါး အထိမ်းအမှတ်ပြတိုက်
- ၁၉:၄၀ ၁၄။ သက်တံရောင်သံစဉ်
- ၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ မြန်မာဗီဒီယိုဇာတ်လမ်း **"မာန်" နိုင်းနိုင်း၊ မေသန်းနု၊ စိုးမြတ်နန္ဒာ (ဒါရိုက်တာ-မောင်မောင်ဦး-စန္ဒီးဝိုက်)**
- ၁၉။ နောက်တစ်နေ့အစီအစဉ်

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီစည်းဝေး လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများဆွေးနွေးတင်ပြ

နေပြည်တော် ဇွန် ၁၉

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီအစည်းအဝေး(၆/၂၀၀၇)ကို ဇွန် ၁၈ ရက် နံနက်ပိုင်းတွင် သစ်တောရေးရာဝန်ကြီးဌာန ကျွန်းရွှေဝါခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဒုတိယဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်တို့ တက်ရောက်၍ အမှာစကားပြောကြားကြသည်။

အဆိုပါ အစည်းအဝေးသို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ ပြည်နယ်၊တိုင်း တာဝန်ခံဒုတိယဝန်ကြီးများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်နယ်နှင့်တိုင်းများမှ ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

ထို့နောက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ အတွင်းရေးမှူး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီအဖွဲ့ဝင် အထူးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီးများက လေးလပတ်လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ကမ္ဘာကြီးပူနွေးမှုဖြစ်စဉ်နှင့် ယင်းဖြစ်စဉ် လျော့နည်းသက်သာစေရန်ကြိုးပမ်းရာ၌ သစ်တောများ၏ အခန်းကဏ္ဍကို ဖော်ညွှန်းသော 'ဥတုရာသီတောကိုမှီ' ဗီဒီယိုကို ကြည့်ရှုကြပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က နိဂုံးချုပ်စကားပြောကြားပြီး**(အောက်ပုံ)** အခမ်းအနားကို ရုပ်သိမ်းကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင်အပရာဇိတဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်မြတ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် တောင်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် သဒ္ဒါလမ်း အမှတ် ၇၁၉ နေ ဒေါ်ယဉ်ယဉ်မော်၊ သား ဦးအောင်ကျော်ဇေယျ မိသားစုက ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ဝင် ဦးသိန်းထွန်းက လက်ခံယူစဉ်။ (က-ပ)

✳ ကျောဖုံးမှ

ရှေးဦးစွာ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကျောင်းဝင်းအတွင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကြက်ခြေနီအသင်းဝင်များ၊ အခြားလူမှုရေး အဖွဲ့အစည်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက မြက်ပင်များ၊ အမှိုက်များ ရှင်းလင်းမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ်ဆရာကြီးက လိုက်လံရှင်းလင်းတင်ပြသည်။

မှာကြား

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ခြင်အန္တရာယ်ကင်းဝေးစေရေးအတွက် စာသင်ခန်းများတွင် တပ်ဆင်မည့် ခန်းဆီး၊ လိုက်ကာများကို တိုင်းဌက်ဖျားအဖွဲ့ရုံးမှ ကျန်းမာရေးဝန်ထမ်းများက စုပါတက်ဆေးစိမ်ပေးနေမှု၊ စာသင်ခန်းများအတွင်း စက်ဖြင့်ခြင်ဆေးမှုတ်နေမှုနှင့် ကျောင်းဘေးပတ်ဝန်းကျင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တိုင်းမှူးက ကျောင်းဘေးရှိ ချေးအမှိုက်ပုံများရှင်းလင်းရေး၊ ကျောင်းအနောက်ဘက်ပေါက်သစ်သားတံတားအခင်းများ၊ မြေစိုက်စာသင်ခန်းများအား အခင်းအကာများ ပြုပြင်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ညှိနှိုင်းဖြည့်ဆည်း

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းဆောင်သစ်တိုးချဲ့ဆောက်လုပ်နိုင်ရေးနှင့် ကျောင်းဈေးဆိုင်တန်းဆောက်လုပ်နိုင်ရေးအတွက် တာဝန်ရှိသူများအား လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မဟာအောင်မြေမြို့နယ်ရှိ အမှတ်(၁၃)အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ဝင်းနှင့်ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များက ကြိုဆိုကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကျောင်းဝင်းအတွင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ အခြားလူမှုရေးအဖွဲ့အစည်းများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက အမှိုက်များ ရှင်းလင်းနေမှု၊ ခန်းဆီး၊ လိုက်ကာများအား စုပါတက်ခြင်ဆေးစိမ်နေမှု၊ ရေလှောင်ကန်အတွင်း ပိုးလောက်လမ်းဆယ်ယူမှု၊ စာသင်ခန်းများအတွင်း စက်ဖြင့် ခြင်ဆေးမှုတ်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ် ဆရာမကြီးက လိုက်လံ ရှင်းလင်းတင်ပြပြီး တိုင်းမှူးက စာသင်ခန်းအမိုးနှင့် မလွတ်ကင်းသော သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းရေး၊ ပင်မနစ်ထပ်ကျောင်းဆောင် မျက်နှာကြက်များပြုပြင်နိုင်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် တိုင်းမှူး၊ ဇနီးနှင့်အဖွဲ့ဝင်များသည် ချမ်းမြသာစည်မြို့နယ်ရှိ အမှတ်(၁၃)အခြေခံပညာအလယ်တန်းကျောင်းသို့ ရောက်ရှိစစ်ဆေးကြရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မမနှင့် ဆရာ၊ ဆရာမများက လိုက်လံရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းဝင်းအတွင်း စိမ်းလန်းစိုပြည်ရေး၊ မိုးရာသီတွင် ရေနစ်မြုပ်နိုင်သည့် နေရာများ၊ လမ်းများအား ရေမနစ်မြုပ်စေရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပြန်လည်ထွက်ခွာသွားသည်။

မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူးဆောင်ရွက်သော သွေးလွန်တုပ်ကွေးရောဂါနှိမ်နင်းရေးနှင့်ပတ်ဝန်းကျင်စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများကို စာသင်ကျောင်းများတွင်သာမက ကျောင်းပတ်ဝန်းကျင်နှင့်ဆက်စပ်လျက်ရှိသော ရပ်ကွက်များအတွင်းတွင် ရပ်ကွက်နေပြည်သူများနှင့်လူမှုရေးအဖွဲ့အစည်းများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

■ ရှေ့ဖုံးမှ

အစီအစဉ်အရ ရှေးဦးစွာ ရှင်းလင်းဆောင်၌ ကွန်ပျူတာတက္ကသိုလ် ကျောင်းအုပ်ကြီး ဒေါက်တာ ဒေါ်နန်းစိုးစိုးအောင်က ကွန်ပျူတာတက္ကသိုလ်ဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး စီမံကိန်းမန်နေဂျာ ဦးကျော်စိန်လင်းက တည်ဆောက်ရေးလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူးသည်တာဝန်ရှိသူများနှင့်အတူ မင်္ဂလာအချိန်တွင် ထောင့်လေးထောင့်၌ လက်ယာရစ်၍ ပန္နက်တင်မင်္ဂလာ ကျင်းပကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

လှူဒါန်း

ထို့နောက် တိုင်းမှူးသည် အရှေ့မြောက်ထောင့်အရပ်တွင် သန္တာရတနာ အုတ်မြစ်တော်အား မင်္ဂလာအချိန်တွင် စီသွင်း၍ လှူဒါန်းသည်။ ဆက်လက်၍ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ရတနာအုတ်မြစ်တော်များအား လက်ယာရစ်ဖြင့် အသီးသီး စီသွင်းလှူဒါန်းကြသည်။

ရွှေမိုးငွေမိုးရွာသွန်း

ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက ရတနာအုတ်မြစ်တော်များကို အမွှေးနံ့သာရည်များပက်ဖျန်းပေးခဲ့ကြပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။ အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် ဇနီးတို့က အုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးပေးကြသည်။

အဆိုပါ ကွန်ပျူတာတက္ကသိုလ် (လားရှိုး)အဆောက်အအုံသည် ကျောင်းသား ၃၀၀၀ပညာသင်ကြားနိုင်သည့် သံကူကွန်ကရစ် သုံးထပ်ကျောင်းဆောင် အမျိုးအစားဖြစ်ပြီး အလျား ၅၁၃ပေ၊ အနံ၃၅၈ပေ၊ အမြင့် ၆၆ ပေဖြင့် နိုင်ငံတော်မှခန့်မှန်းကုန်ကျငွေကျပ်သိန်းပေါင်း တစ်သောင်းခုနစ်ထောင့်ခြောက်ရာသုံးဆယ့်တစ်သိန်းရှစ်သောင်းကျော် အကုန်အကျခံ ဆောက်လုပ်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နယ်သာလန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ဦးဝဏ္ဏမောင်လွင်အား ပူးတွဲခန့်အပ်

နေပြည်တော် ဇွန် ၂၀

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဝဏ္ဏမောင်လွင်အား နယ်သာလန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

❐ ကျောဖုံးမှ

အိမ်မဲမြို့နယ်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ပေးပို့သောနုတ်ထွက်လွှာတွင် NLDပါတီသည် နိုင်ငံတည်ဆောက်ရေးတွင် အုတ်တစ်ချပ် သဲတစ်ပွင့်မျှ ပါဝင်ကူညီဆောင်ရွက်ခြင်းမရှိဘဲ နိုင်ငံနှင့်လူမျိုးအကျိုး ပျက်စီးရာပျက်စီးကြောင်း၊ သူတစ်ပါးသြဇာခံနိုင်ငံဘဝသို့ရောက်ရာရောက်ကြောင်း ဖန်တီးလုပ်ဆောင်လျက်ရှိသဖြင့် NLD ပါတီအပေါ် စိတ်ကုန်၊ စိတ်ပျက်လာမှုကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

● ရှေ့ဖုံးမှ

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ခြံစည်းရိုးကြက်ဆူ ပျိုးကိုင်း၊ ပျိုးစေ့အိတ်နှင့် ပျိုးပင်ပေါက်များကို ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများထံ ပေးအပ်ကြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက ခြံစည်းရိုး ကြက်ဆူပင်များ စိုက်ပျိုးပေးကြကာ ဒေသခံပြည်သူများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာများ၏စုပေါင်းစိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုပြီး စုပေါင်းစိုက်ပျိုးပွဲကိုရုပ်သိမ်းလိုက်သည်။

ရှင်းလင်းတင်ပြ

ထို့မှတစ်ဆင့် တိုင်းမှူးသည် ဝိုင်းမော်မြို့နယ် ခါးရှိကျေးရွာ မြစ်ကြီးနား-ဗန်းမော်ကားလမ်းမကြီးအနီးရှိ ငါးလုပ်ငန်း ဦးစီးဌာန၊ ငါးမွေးမြူရေးစခန်းသို့ သွားရောက်ကြည့်ရှုရာ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးနှင့် မြို့နယ်တာဝန်ခံတို့က ငါးမွေးမြူထုတ်လုပ်ရောင်းချမှုလုပ်ငန်းဆိုင်ရာများ ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် ငါးသားပေါက်ကန်နှင့် ငါးမွေးမြူရေး စခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မုတ်လွဲကျေးရွာနှင့် ခတ်ချိုကျေးရွာလမ်းပိုင်း အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းနှင့် လမ်းပြုပြင်ဖောက်လုပ်နေမှုကို သွားရောက် ကြည့်ရှုစစ်ဆေးရာ ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ အင်ဂျင်နီယာမှ မုတ်လွဲ-ခတ်ချိုရွာလမ်းပိုင်း ကတ္တရာလမ်းခင်းပြီးစီးမှု ကုန်ကြမ်းစုဆောင်းရရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကိုတင်ပြပြီး တိုင်းမှူးက လိုအပ်သည် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်နယ်နှင့်တိုင်း အမျိုးသား၊အမျိုးသမီး လက်ဝှေ့ပြိုင်ပွဲဆက်လက်ယှဉ်ပြိုင်

ရန်ကုန် ဇွန် ၁၉

၂၀၀၇ခုနှစ် ပဥ္စမအကြိမ်မြောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား(က)အဆင့်နှင့်(၃၈)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းအမျိုးသား၊ အမျိုးသမီးသက်ငယ်တန်း(ဂ)အဆင့်၊ (ခ)အဆင့်လက်ဝှေ့တံခွန်စိုက်ပြိုင်ပွဲကို ယနေ့ညနေ ၃နာရီက အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံခန်းမ၌ ဆက်လက်ကျင်းပသည်။

အနိုင်ရရှိ

ဖလိုင်းဝိတ်တန်း(ဂ)အဆင့်ပြိုင်ပွဲတွင် အောင်အောင်(ရှမ်းအရှေ့)က လက်ရည်သာ၍ ကျော်စွာဝင်း(စစ်ကိုင်းတိုင်း)ကို အနိုင်ရရှိသွားပြီး၊ ဖယ်သာဝိတ်တန်း(ဂ)အဆင့်ပြိုင်ပွဲတွင် သန်းထိုက်(တနင်္သာရီတိုင်း)ပထမအချီတွင် နှစ်ကြိမ်ရေတွက်ခြင်းခံရ၍ နေလင်း(ရှမ်းအရှေ့)အနိုင်ရရှိသွားသည်။**(ဝဲပုံ)** လိုက်ဝယ်တာဝိတ်တန်း(ဂ)အဆင့် ယှဉ်ပြိုင်ရာ မိုးနိုင်(ကရင်ပြည်နယ်)က ထက်ဘိုစိုး(စစ်ကိုင်းတိုင်း)ကို အမှတ်ဖြင့် အနိုင်ရရှိသွားသည်။

ဆက်လက်၍ လိုက်ဖလိုင်းဝိတ်တန်း၊ ဖလိုင်းဝိတ်တန်း၊ လိုက်ဝိတ်တန်း(ခ)အဆင့်၊ ဘင်တန်ဝိတ်တန်း (ဂ)အဆင့်၊ ပင်းဝိတ်တန်း(ဂ)အဆင့်များနှင့် အမျိုးသမီး ၅၀ကီလိုတန်း ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်း ရိုးရာခြင်းလုံးခတ်နှင့်ပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်

ရန်ကုန် ဇွန် ၁၉

၂၀၀၇ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း၊ ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် မင်္ဂလာဒုံတပ်နယ် တပ်မတော်(လေ) စုပေါင်းရိပ်သာ၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား မင်္ဂလာဒုံတပ်နယ်မှ ဗိုလ်မှူးကြီးဆန်းဦးလှိုင် တက်ရောက်၍ အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အဆိုပါအခမ်းအနားသို့ မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇင်ယော်၊ မင်္ဂလာဒုံတပ်နယ်ရှိ အရာရှိ၊ စစ်သည်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြပြီး ပြိုင်ပွဲကို ဇွန် ၂၂ ရက်အထိ ကျင်းပမည်ဖြစ်၍ ပြိုင်ပွဲဝင်အသင်းရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲတွင် မင်္ဂလာဒုံတပ်နယ်မှ ဗိုလ်မှူးကြီးဆန်းဦးလှိုင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

● *ကျောဖုံးမှ*

လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့လာသဖြင့် ကုန်စည်စီးဆင်းမှုများ လျင်မြန်မှန်ကန်စေပြီး ဒေသခံပြည်သူများ၏ စီးပွားရေးကောင်းမွန်လာ၍ လူနေမှုအဆင့်အတန်းလည်း မြင့်မားလာခဲ့ကြသည်။

"ကျေးရွာတစ်ရွာ၊ ကုန်ထုတ်လုပ်ငန်းတစ်ခု နိုင်ငံအကျိုးပြု" လုပ်ငန်းစီမံချက်ဖြင့် ပဲခူးတိုင်း(အနောက်ပိုင်း)သို့ သတင်းဆောင်းပါးရေးသားရန် ရောက်ရှိနေသော မြန်မာ့အလင်း

ပန်းခြင်းလုပ်ရာမှာ တင်းဝါးနဲ့ ပြုလုပ်ရပါတယ်။

ဦးဝင်းအောင်
ပန်းခြင်းလုပ်ငန်းရှင်။

သတင်းအဖွဲ့သည် လက်ပံတန်းမြို့နယ်သို့ မကြာမီက ရောက်ရှိခဲ့ကြသည်။

အိုးလုပ်ငန်း

နံနက်စောစော နေရောင်ဖျော့ဖျော့အောက်တွင် မိုးလည်းမရွာ၊ နေလည်းမပူသဖြင့် သွားရသည့်ခရီးမှာ သက်သောင့်သက်သာရှိလှပေသည်။ ထို့ကြောင့် လက်ပံတန်းမြို့နယ် ကျွန်းကလေးကျေးရွာအုပ်စု အိုးဘိုတန်းကျေးရွာရှိ ဦးခင်သိန်း၏ အိုးလုပ်ငန်းရှိရာသို့ အရောက်သွားခဲ့ကြသည်။

ဒေသအခေါ်

မြန်မာမှုလက်ရာများသည် အနုစိတ်ခြယ်မှုန်းရခြင်း၊ စိတ်ရှည်ရှည် ပြုလုပ်ရခြင်း၊ သေသပ်ကောင်းမွန်စွာ ပြုလုပ်ရခြင်းတို့ကြောင့် စိတ်တည်ငြိမ်မှုကို ဖြစ်ပေါ်စေသည်။ ထို့ကြောင့် စိတ်တည်ငြိမ်မှုကို ပေးစွမ်းနိုင်သည့် အိုးလုပ်ငန်းရှိရာသို့ သွားရောက်လေ့လာကြည့်ရာ ကုတင်ဘီးလင်းချောင်း(ဒေသအခေါ်) ကျွန်းကလေးချောင်း၏ ကမ်းပါးမြေမှရရှိသည့် နွံ့မြေကို သဲနှင့်ရေရော၍ အစေးကျအောင် နယ်ပြီး ပုံစံမိုထုတ်ရသည်။ ထိုမိုပုံကြမ်းကို သစ်သားလက်ခတ် လက်ခုတို့ကို အသုံးပြု၍ ပုံစံအမျိုးမျိုးဖော်ခြင်းကို (ဒေသအခေါ်) **"မော်ခတ်"** သည်ဟု ခေါ်ဆိုကြောင်း ဗဟုသုတဖြစ်ဖွယ် မှတ်သားသိရှိခွင့်ရရှိခဲ့သည်။

အချောထည်အိုး

အကြမ်းထည်ဖြစ်ပြီး အိုးခြောက်သွားပါက အနီရောင်မြေနီမှုန့်ကို ဒီဇယ်နှင့် စားသုံးဆီရော၍ အဝတ်ဖတ်နှင့် ပွတ်တိုက်ခြင်းကို (ဒေသအခေါ်) **"ယွန်း"** သည်ဟု ခေါ်ဆိုရကြောင်း ထပ်မံသိရှိရပြန်သည်။ အဆိုပါ ခြောက်သွားသောအိုးများကို ကျောက်စရစ်ခဲနှင့် လိုသည့်ပုံဖော်လိုက်ပါက အချောထည်အိုးဖြစ်သွားပြီး မီးဖုတ်ရလေသည်။

ဆယ်မျိုးခန့်

ဘိုးဘွားလက်ထက်မှစ၍ ပြုလုပ်ခဲ့သဖြင့် နှစ်ပေါင်း လေးဆယ်ကျော်ငါးဆယ်သက်တမ်းသို့ ရောက်ရှိနေပြီး အဆိုပါအိုးလုပ်ငန်းမှ ရေနွေးအိုး၊ ရေတကောင်း၊ တာအိုး၊ အင်တုံ၊ ပန်းအိုး၊ ရေအိုးစသည်ဖြင့် ဆယ်မျိုးခန့် ထွက်ရှိကြောင်း တွေ့မြင်ခဲ့ရသည်။

ပန်းပွင့်ဖော်

ရေအိုးကို ဤသို့ ပန်းပွင့်ဖော်ရသည်။

လေ့လာခဲ့

ထို့မှဆက်၍ မြန်မာ့အလင်းသတင်းအဖွဲ့သည် လက်ပံတန်းမြို့နယ် ချမ်းသာကုန်းကျေးရွာအုပ်စုတွင် နေထိုင်သည့် ဦးဝင်းအောင်၏ ပန်းခြင်းလုပ်ငန်း လုပ်ကိုင်သည့် နေရာသို့ သွားရောက်လေ့လာခဲ့ပြန်သည်။

ပန်းခြင်းလုပ်ရာတွင် အသုံးပြုသော ဝါးမှာ ပဲခူးရိုးမမှ ထွက်ရှိသည့် **"တင်းဝါး"** ဖြစ်သည်။ ပြုလုပ်ပုံလုပ်ငန်းအဆင့်ဆင့်မှာ အဆိုပါဝါးကို ဖြာ၍ ချောသွားစေရန် ဓားနှင့်သပ်ပြီး ရက်လုပ်ပါက ပစ္စည်းအကြမ်းထည်ရပြီး ပုံဖော်ရကြောင်း၊ ပုံဖော်ပြီးပါက အမွေးပြောင်သွားစေရန် မီးဖြင့် အပူပေးရကြောင်း ရှင်းလင်းပြောကြားသည်။ ပစ္စည်းအကြမ်းထည်များကို ရန်ကုန်မြို့ရှိ လှိုင်သာယာစက်ရုံသို့ တင်ပို့ရပြီး အဆိုပါစက်ရုံမှ ယောဂီရောင်ဆေးသုတ်လိုက်ပါက ရောင်းတန်းဝင် အချောထည်ဖြစ်သွားပြီး တစ်လလျှင် ပန်းခြင်းအလုံး လေးထောင့်ငါးရာခန့် ဂျပန်နိုင်ငံသို့ တင်ပို့ရကြောင်း ပြောကြားသည်။ အမျိုးအစား လေးမျိုးထုတ်လုပ်ကြောင်း တွေ့ရှိခဲ့ရသည်။

နိုင်ငံရပ်ခြားမှ မှာယူ

မြန်မာနိုင်ငံမှ ထုတ်လုပ်သော မြန်မာမှုလက်ရာများကို နိုင်ငံရပ်ခြားမှ မှာယူ၍ တင်ပို့နေရခြင်းအတွက် လက်ပံတန်းမြို့နယ်အနေဖြင့် ဂုဏ်ယူဖွယ်ရာဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာ တင်ပြလိုက်ရပေသည်။ ။

(မြန်မာ့အလင်း)

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၃၉(ဘီ) ရပ်ကွက် ၂လမ်း အမှတ် ၁၉နေ ဦးမြင့်အောင်နှင့် မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌကိုယ်စား အုပ်ချုပ်ရေးမှူးချုပ် ဦးပြုံးက လက်ခံယူစဉ်။ (က-ပ)

ပန်းအိုးကို ဤသို့ အနုစိတ်ပုံဖော်သည်။

ပန်းခြင်း ရက်လုပ်

ပန်းခြင်း ရက်လုပ်ခြင်း လုပ်ငန်းခွင်ကို တွေ့ရစဉ်။

ကရင်ပြည်နယ်၊ ပဲခူးတိုင်းနှင့် မွန်ပြည်နယ်တို့၌ အကြမ်းဖက်သောင်းကျန်းသူအဖျက်သမားများထောင်ထားသည့် မိုင်းများနင်းမိ၍ အပြစ်မဲ့ပြည်သူသုံးဦး ခြေထောက်ပြတ်ဒဏ်ရာများရရှိခဲ့

နေပြည်တော် ဇွန် ၁၉

မေ ၂၈ရက်တွင် ကရင်ပြည်နယ် မြဝတီမြို့နယ် ထီးဝါးပလောကျေးရွာနေ စောဖားလီသည် ကျေးရွာအနီးရှိ တောင်ပေါ်သို့ တညင်းသီးခူးရန် သွားရောက်စဉ် အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများထောင်ထားသည့် နင်းမိုင်းတစ်လုံး နင်းမိသဖြင့် ယာဘက်ခြေချင်းဝတ်ပြတ်၊ ဝဲဘက် ခြေသန်းပေါက်ပြဲဒဏ်ရာများ ရရှိခဲ့သောကြောင့် မြဝတီမြို့နယ် ပြည်သူ့ဆေးရုံသို့ပို့ဆောင်၍ ဆေးကုသပေးလျက်ရှိကြောင်း၊ ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် ပတ္တလားကျေးရွာအုပ်စု ထိပ်ပေါက်ကျေးရွာနေ ကိုနိုင်သည် တညင်းသီးခူးရန်အတွက် တောထဲသို့သွားရောက်စဉ် အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများထောင်ထားသည့် နင်းမိုင်းတစ်လုံး နင်းမိသဖြင့် ယာဘက်ခြေချင်းဝတ် ပြတ်တောက်ဒဏ်ရာရရှိခဲ့သောကြောင့် ကျောက်ကြီးမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့၍ ဆေးကုသပေးလျက်ရှိကြောင်း သိရသည်။

သထုံမြို့နယ် ရေဝေကျေးရွာနေ စောစပ်ဝါးသည် ဇွန် ၁၄ရက်တွင် ဘီးလင်းမြို့နယ် ခလောက်အင်းကျေးရွာအနီး၌ သစ်ချသီး သွားကောက်စဉ် အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများထောင်ထားသည့် မိုင်းတစ်လုံးနင်းမိသဖြင့် ဝဲဘက်ဒူးအောက်ပြတ် ဒဏ်ရာရရှိခဲ့မှုကြောင့် သထုံမြို့နယ် ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း **အင်တာနက်ကျန်းမာရေး**

ကော်ဖီသောက်ခြင်းသည် မျက်ကြောလိုက်ဝေဒနာကာကွယ်နိုင်

ကော်ဖီသောက်ခြင်းသည် မျက်စိအကြောလိုက်ဝေဒနာကို ကာကွယ်တားဆီးနိုင်ကြောင်း အီတလီ သုတေသနပညာရှင်များ၏ လေ့လာသုတေသနပြုချက်တစ်ရပ်၌ ဖော်ပြထားသည်။

ပုံမှန်သောက်ပါက

မျက်စိအကြောလိုက် ဝေဒနာခံစားနေရသော ရောဂါရှင် ၁၆၆ဦးတို့အား ကော်ဖီပုံမှန်သောက်စေပြီး သုတေသနပြုခဲ့ရာမှ အထက်ပါအချက်ကို တွေ့ရှိခဲ့ကြရခြင်းဖြစ်သည်။

ကော်ဖီကိုပုံမှန်သောက်ခြင်းကြောင့် မျက်စိအကြောလိုက်ဝေဒနာ လျော့ပါးကျဆင်းစေပြီး အမြင်အာရုံ ကြည်လင်မှုကိုပါ ပေးစွမ်းနိုင်ကြောင်း တွေ့ရှိခဲ့ကြရသည် ဟုဆို၏။

ကြွက်သားများလန်းဆန်း

မျက်စိအကြောလိုက် ဝေဒနာရှင်များအဖို့ တစ်နေ့လျှင် ကော်ဖီတစ်ခွက်၊ သို့မဟုတ် နှစ်ခွက်သောက်လျှင် ၎င်းတို့၏ မျက်စိအာရုံကြောနှင့် ကြွက်သားများ ပြန်လည်လန်းဆန်းအားကောင်းစေကြောင်း အီတလီ သုတေသနပညာရှင်များက ပြောကြားသည်။

အသက် ၅၀ နှင့် ၇၀ အကြား လူကြီးများအနေဖြင့် ကော်ဖီကို တစ်နေ့လျှင် တစ်ခွက်၊ သို့မဟုတ် နှစ်ခွက်ခန့် သောက်သုံးလျှင် အမြင်အာရုံ ဝေဝါးမှုကိုလည်း လျော့ကျစေကြောင်း အီတလီ သုတေသနပညာရှင် ပါမောက္ခ ဂီရိုဗင်နီဒီဖာဇီရိုက ပြောကြားသည်။

တရုတ်နိုင်ငံ ယန်စီမြစ်အား ဖြတ်ကျော် တည်ဆောက်ထားသည့် တံတားတစ်စင်းကို ဇွန် ၁၇ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)



နယူးဇီလန်၌ ခရီးသည်တင်လေယာဉ် ဘီးချမရ၍ အရေးပေါ်ဆင်းသက်ခဲ့ရ

ဝယ်လင်တန် ဇွန် ၁၉

နယူးဇီလန်ခရီးသည်တင် လေယာဉ်တစ်စင်းသည် ဂီယာချွတ်ယွင်းမှုများကြောင့် ဇွန် ၁၈ ရက် နံနက်ပိုင်းက နယူးဇီလန်နိုင်ငံ ဘလင်ဟမ်းမြို့ ဝုဒ်ဘရွန်းလေဆိပ်သို့ အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း သိရသည်။

ခရီးသည်၁၅ဦးနှင့် လေယာဉ်အမှုထမ်းနှစ်ဦး လိုက်ပါလာသော အဆိုပါလေယာဉ်သည် နယူးဇီလန်နိုင်ငံ တီမာရူမြို့မှ ဝယ်လင်တန်မြို့သို့ ပျံသန်းစဉ် လေယာဉ်ဂီယာချွတ်ယွင်းမှု ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ လေယာဉ် အရေးပေါ်ဆင်းသက်ခဲ့ရာ၌ ကိုယ်ဝန်ဆောင်အမျိုးသမီး ခရီးသည်တစ်ဦးအား ထိခိုက်မှုအနည်းငယ်ရှိခဲ့သဖြင့် ဆေးရုံသို့တင်ပို့ပေးခဲ့ရကြောင်း ကယ်ဆယ်ရေးအဖွဲ့များက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပါကစ္စတန် အနောက်မြောက်ပိုင်း မိုးသည်းထန်ပြီး ရေကြီး

အစ္စလမ္မာဘတ် ဇွန် ၁၉

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း၌ မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမှုဖြစ်ပွားရာ ၁၅ ဦးသေဆုံးပြီး ၆၀ ကျော်ဒဏ်ရာရရှိကြောင်း၊အဆိုပါ သေဆုံးသူများထဲတွင် ကလေးငယ် ဒါဇင်ခန့်ပါဝင်ကြောင်း ဇွန် ၁၇ ရက်၌ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့က ပြောကြားသည်။

ပျက်စီးဆုံးရှုံး

ယင်းဖြစ်ပွားမှုသည် ဇွန် ၁၆ ရက်က အစ္စလမ္မာဘတ်မြို့ အနောက်မြောက်ပိုင်း ၁၂၅ မိုင်အကွာ ဘတ်ဒရာကျေးရွာ၌ ရေလွှမ်းမှုကြောင့် **(အောက်ပုံ)** အိမ်ခြေ ၃၂ လုံးပျက်စီးဆုံးရှုံးခဲ့ရပြီး အိမ်ခြေ ၅၀၀ ခန့် ဘေးကင်းရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း ဒေသဆိုင်ရာရုံးအဖွဲ့က ရိုက်တာသို့ ပြောကြားသည်။

ပါကစ္စတန်နိုင်ငံ၌ အဆိုပါ ရက်မှ ၃၆ နာရီအကြာတွင် မိုးကြိုးမုန်တိုင်းဖြစ်ပေါ်ပြီး မိုးသည်းထန်စွာ ရွာသွန်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒဌာနက အဆိုပါသတင်းကို ဖော်ပြသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ကန်ဒါဟာ၌ လမ်းဘေးဗုံးပေါက်ကွဲ ကန်တပ်ဖွဲ့ဝင် သုံးဦးသေဆုံး

ကဘူးလ် ဇွန် ၁၉

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ကန်ဒါဟာ ပြည်နယ်အတွင်း ဇွန် ၁၇ ရက် မွန်းလွဲပိုင်းက လမ်းဘေးဗုံးခွဲ တိုက်ခိုက်မှုကြောင့် ကန်တပ်ဖွဲ့ဝင်သုံးဦးနှင့် အာဖဂန်နစ္စတန် စကားပြန်တစ်ဦး သေဆုံးကြောင်း နိုင်ငံစုံတပ်ဖွဲ့က ကြေညာသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အနည်းငယ်က အာဖဂန်နစ္စတန်နိုင်ငံ နေရာအနှံ့တွင် အကြမ်းဖက်မှုများ ကြုံတွေ့ရသည်။ ကဘူးလ်မြို့တော်၌ ဇွန် ၁၈ ရက် နံနက်ပိုင်းက ဗုံးခွဲတိုက် ခိုက်မှုကြောင့်၃၅ဦး သေဆုံးပြီး ၃၅ ဦး ဒဏ်ရာရရှိသည်။ အမ်အင်န်အေ၊ဆင်ဟွာ

စစ်သင်္ဘောအသစ်လေးစင်း ယခုနှစ်ကုန်၌ အင်ဒိုနီးရှားက လက်ခံရယူမည်

ဂျကာတာ ဇွန် ၁၉

အင်ဒိုနီးရှားရေတပ်အနေဖြင့် တောင်ကိုရီးယား၊ နယ်သာလန်နှင့် ရုရှားနိုင်ငံတို့မှ စစ်သင်္ဘောအသစ်လေးစင်း ရရှိမည်ဖြစ်ကြောင်း အင်ဒိုနီးရှားရေတပ်မှ ပြောရေးဆိုခွင့်ရှိသူ ရေတပ်အရာရှိကြီးတစ်ဦးက ဇွန် ၁၇ ရက်၌ ပြောကြားသည်။

ယခု ၂၀၀၇ခုနှစ် ကုန်တွင် တောင်ကိုရီးယားနိုင်ငံမှ တည်ဆောက်ထားသော စစ်သင်္ဘော တစ်စင်းကို လက်ခံရရှိနိုင်မည်ဟု မျှော်လင့်ထားကြောင်း အဆိုပါအရာရှိကြီးက ပြောကြားသည်ဟု အင်တာရာသတင်းဌာနက ဖော်ပြသည်။

စေလွှတ်

ထို့အတူ တစ်ချိန်တည်းမှာပင် နယ်သာလန်နိုင်ငံမှ တည်ဆောက်ထားသော စစ်သင်္ဘောနှစ်စင်းလည်း ယခုနှစ်ကုန်၌ လက်ခံရရှိနိုင်မည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ထိုသင်္ဘောနှစ်စင်းအတွက် ကျွမ်းကျင်စွာ တာဝန်ယူ ထမ်းဆောင်ရန် သင်္ဘောသားများကို နယ်သာလန်နိုင်ငံသို့ စေလွှတ်ထားသည်။

ပြုလုပ်ပေး

ရုရှားလုပ်စစ်သင်္ဘောတွင် တာဝန်ထမ်းဆောင်ရန်အတွက် ရေတပ် အရာရှိ ၆၀ကို လောလောဆယ်၌ ရုရှားဘာသာစကား သင်ကြားမှုများ ပြုလုပ်ပေးလျက်ရှိကြောင်း အဆိုပါ အင်ဒိုနီးရှားရေတပ်အရာရှိကြီးက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ရုရှား၌ မီးလောင်မှု ကိုးဦးသေဆုံး

မော်စကို ဇွန် ၁၉

ရုရှားနိုင်ငံတောင်ပိုင်း ဘတ်ရှ်ကီရီယာ၌ နေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားရာ ကလေး လေးဦးအပါအဝင် ကိုးဦး သေဆုံးသွားကြောင်း အီတာတာ့စ်သတင်းဌာနက ကိုးကား ဖော်ပြသည်။

အဆိုပါ မီးလောင်မှုသည် ဇွန် ၁၇ ရက် နံနက်ပိုင်းက ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ မီးလောင်မှုဧရိယာမှာ ၆၃ မီတာ ကျယ်ဝန်းကြောင်း၊ အာဏာပိုင်များက မီးလောင်ရခြင်းအကြောင်းကို စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဟာတာအုပ်စုကို ထောက်ခံသူအများအပြား ဂါဇာကမ်းမြောင်မှ ထွက်ပြေး

ဂါဇာ ဇွန် ၁၉

ပါလက်စတိုင်း သမ္မတမာမွတ်အဘက်စ်၏ ဖာတာအုပ်စုကို ထောက်ခံသည့် ရာပေါင်းများစွာသော ပါလက်စတိုင်းတို့သည် ဇွန် ၁၇ ရက်က ဟားမတ်စ်အုပ်စုထိန်းချုပ်သည့် ဂါဇာကမ်းမြောင်မှ ကုန်းလမ်း၊ ရေလမ်းတို့မှ တစ်ဆင့် ထွက်ပြေးကြသည်။

ပါလက်စတိုင်း စစ်သွေးကြွများသည် အနောက်ဘက်ကမ်းရှိ ပါလက်စတိုင်း သမ္မတ မာမွတ်အဘက်စ်၏ တပ်များကို တိုက်ခိုက်ရန် ခြိမ်းခြောက်လျက်ရှိသည်ဆိုသည်။

အဆုံးသတ်

ဖာတာအုပ်စုကို ဦးဆောင်သည့် မစ္စတာ အဘက်စ်က ဇွန် ၁၈ ရက် မွန်းလွဲ၁ နာရီတွင် အမေရိကန်ဦးဆောင်သည့် အကူအညီအထောက်အပံ့ ရပ်စဲမှုကို အဆုံးသတ်စေမည့် ပါလက်စတိုင်းအရေးပေါ် အစိုးရအဖွဲ့ကို ကျမ်းသစ္စာကျိန်ဆို လက်ခံစေမည် ဖြစ်သည်။

ရွေးချယ်

ဝန်ကြီးချုပ်အဖြစ် သတ်မှတ်ခံရသူ ဆလမ်ဖေယက်က အစိုးရအဖွဲ့ဝင် ဝန်ကြီး ၁၄ ဦးကို ရွေးချယ်ထားကြောင်း အရာရှိများက ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

အခြေစိုက်စခန်း

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ လေတပ် အခြေစိုက်စခန်း တစ်ခုကို ဇွန် ၁၇ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အာရပ်နိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေး အာရပ်ရန်ပုံငွေအဖွဲ့က ငွေကြေးများထုတ်ချေး

ကူဝိတ်စီးတီး ဇွန် ၁၉

၂၀၀၆ ခုနှစ်က ကူဝိတ်နိုင်ငံသုံး ဒိုင်နာငွေ ၃၄၅ သန်းပမာဏရှိသော ချေးငွေတောင်းခံလွှာ ၁၈ ခုရှိခဲ့ကြောင်း ကူဝိတ်အခြေစိုက် စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးမှုဆိုင်ရာ အာရပ်ရန်ပုံငွေအဖွဲ့ (အေအက်ဖ်အီးအက်စ်ဒီ)က ဇွန် ၁၇ ရက်၌ ပြောကြားသည်ဟု ကူနာသတင်းဌာနက သတင်းထုတ်ပြန်သည်။

တည်ဆောက်

အဆိုပါငွေကြေးများမှာ ၂၀၀၆ ခုနှစ်အတွင်း အာရပ်နိုင်ငံပေါင်း ကိုးနိုင်ငံ၌ စီမံကိန်းအသစ် ၁၅ ခုအတွက် ထုတ်ချေးသော ငွေများဖြစ်ကြောင်း၊ စီမံကိန်းအများစုမှာ အခြေခံအဆောက်အအုံများ တည်ဆောက်ရေးလုပ်ငန်းများအတွက်ဖြစ်ကြောင်း အေအက်ဖ်အီးအက်စ်ဒီ၏ ၂၀၀၆ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာ၌ ဖော်ပြသည်။

ထုတ်ချေး

မော်ရိုကို၊ အိုမန်၊ တူနီးရှား၊ အီဂျစ်၊ လက်ဘနွန်နှင့် ဂျော်ဒန်နိုင်ငံများတွင် သယ်ယူပို့ဆောင်ရေးကဏ္ဍများ၌ ဒိုင်နာငွေ ၁၈၂ သန်းကို ထုတ်ချေးခဲ့ကြောင်း အေအက်ဖ်အီးအက်စ်ဒီက ပြောကြားသည်။

ထို့အပြင် ဘာရိန်း၊ အီဂျစ်၊ တူနီးရှားနိုင်ငံတို့တွင် စွမ်းအင်ဖြည့်ဆည်းရေးနှင့် လျှပ်စစ်ဓာတ်အား စီမံကိန်းများအတွက် ဒိုင်နာငွေ ၆၉ သန်း ထုတ်ချေးခဲ့ကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အစ္စရေးတို့က လက်ဘနွန်တောင်ပိုင်းသို့ ဒုံးကျည်များဖြင့် ပြန်လည်ပစ်ခတ်

ဘေရွတ် ဇွန် ၁၉

အစ္စရေးတို့က လက်ဘနွန်နိုင်ငံတောင်ပိုင်းသို့ ဇွန် ၁၇ ရက်က ဒုံးကျည်ငါးစင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း လက်ဘနွန် လုံခြုံရေးသတင်းရပ်ကွက်များက ပြောကြားသည်။

အစ္စရေးတပ်ဖွဲ့ဝင်များက လက်ဘနွန်နိုင်ငံတောင်ပိုင်း လက်ဘနွန်နှင့် အစ္စရေးနယ်စပ်အနီး ဒေသများသို့ ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိခိုက်ဒဏ်ရာရရှိမှု သတင်းမရသေးကြောင်း ၎င်းသတင်းများ ဖော်ပြသည်။

ပြန်လည်ပစ်ခတ်

ယခုကဲ့သို့ အစ္စရေးတပ်ဖွဲ့ဝင်များက ပစ်ခတ်ခြင်းမှာ လက်ဘနွန်မှ အစ္စရေးနိုင်ငံမြောက်ပိုင်းသို့ ဒုံးကျည်နှစ်စင်းဖြင့် ပစ်ခတ်ခဲ့ပြီးနောက် အစ္စရေးတို့က ဒုံးကျည်ငါးစင်းဖြင့် ပြန်လည်ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

ငြင်းဆို

ယခုပစ်ခတ်ခဲ့မှုမှာ ပြီးခဲ့သည့်နွေရာသီက ဟစ်ဇ်ဘိုလာလက်နက်ကိုင်များနှင့် အစ္စရေးတပ်ဖွဲ့ဝင်တို့ အပြန်အလှန် ပစ်ခတ်မှု ဖြစ်ပွားပြီးနောက် ပထမဆုံးပစ်ခတ်ကြခြင်း ဖြစ်သည်။ ဟစ်ဇ်ဘိုလာ လက်နက်ကိုင်များက အစ္စရေးနိုင်ငံမြောက်ပိုင်းသို့ ပစ်ခတ်မှုကို ငြင်းဆိုထားသည်။

ဖော်ပြ

အစ္စရေးနိုင်ငံမြောက်ပိုင်းသို့ ဒုံးကျည်ဖြင့်ပစ်ခတ်မှုမှာ ပါလက်စတိုင်း လက်နက်ကိုင်အုပ်စုတစ်ခုမှ ဖြစ်နိုင်ကြောင်း လက်ဘနွန်နိုင်ငံထုတ် ယာလီဘင် သတင်းဌာနက ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ စားအုန်းဆီထုတ်လုပ်သည့် စက်ရုံ၏ လုပ်ငန်းခွင် တစ်နေရာကို ဇွန် ၁၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပြင်သစ်၌ မီးလောင်မှုဖြစ်ပွား လူငါးဦးသေဆုံး

ပါရီ ဇွန် ၁၉

ပြင်သစ်နိုင်ငံ အနောက်တောင်ပိုင်း မော့ဆက်မြို့၌ မီးလောင်နေသော နေအိမ်အတွင်း ငါးဦးပိတ်မိပြီး သေဆုံးသွားကြောင်း အာဏာပိုင်များက ဇွန် ၁၇ ရက်တွင် ပြောကြားသည်။

အဆိုပါ မီးလောင်မှုသည် နေအိမ်အောက်ထပ်မှ စတင်ဖြစ်ပွားရာ ပထမထပ်ရှိလူများ မီးဝိုင်းခံထားရကြောင်း ၎င်းအရပ်မှ မျက်မြင်တွေ့ရှိသူ တစ်ဦးက ရုပ်မြင်သံကြားဌာနသို့ ပြောကြားသည်။

အလွန်နောက်ကျ

မီးသတ်တပ်ဖွဲ့ဝင်များသည် ယင်းမီးလောင်ပြင်သို့ အချိန်မီရောက်လာသော်လည်း အလွန်နောက်ကျသွားခဲ့ကြောင်း၊ ယင်းတို့ မီးလောင်ပြင်သို့ ရောက်ရှိချိန်တွင် နေအိမ်အပျက်အစီးများကြား၌ အလောင်းငါးလောင်းကိုသာ တွေ့ရကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

ယင်းမီးလောင်မှုနှင့် ပတ်သက်ပြီး ဆက်လက်စုံစမ်းနေကြောင်း၊ မီးမှာ ဇွန် ၁၇ ရက် နံနက်ပိုင်းက လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

အမ်အင်န်အေ၊ရိုက်တာ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ မြောက်ပိုင်း ကိုင်ဂျီမြို့၌ ကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဇွန် ၁၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်မြောက်ပိုင်း၌ အသေခံဗုံးခွဲတိုက်ခိုက်၊ အီရတ်ရဲတပ်ဖွဲ့ဝင် သုံးဦးသေဆုံး

ဘဂ္ဂဒက် ဇွန် ၁၉

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ မြောက်ပိုင်းကီလိုမီတာ ၂၀၀ ခန့်အကွာရှိ ကိုင်ဂျီမြို့၌ ဇွန် ၁၈ ရက်က အမေရိကန်နှင့်အီရတ်တပ်ဖွဲ့ဝင်များ စီးနင်းလိုက်ပါသည့် မော်တော်ယာဉ်တန်းအတွင်း အသေခံကားဗုံးခွဲမှုကြောင့် အနည်းဆုံး အီရတ်ရဲတပ်ဖွဲ့ဝင်သုံးဦး သေဆုံးပြီး ခုနစ်ဦးဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ကြေညာသည်။

အသေခံဗုံးခွဲ

အမေရိကန်နှင့် အီရတ်မော်တော်ယာဉ်တန်းအတွင်းသို့ ဖောက်ခွဲရေးပစ္စည်းများ တင်ဆောင်ထားသည့်ကားကို အသေခံဗုံးခွဲသူက မောင်းနှင်လိုက်ကြောင်း ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီးဟတ်ဆန်အာမက်က ပြောကြားသည်။

အဆိုပါယာဉ်တန်းသည် မြို့တစ်မြို့အနီးရှိ အမေရိကန်တပ်စခန်းသို့ အီရတ်တပ်သားသစ်များကို လွှဲပြောင်းပေးရန်အသွားတွင် ယင်းသို့ ကားဗုံးခွဲတိုက်ခိုက်ခံရခြင်းဖြစ်သည်ဟုလည်း ၎င်းကပြောကြားသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ အမေရိကန်တပ်များကမူ ယခုတိုင် အတည်ပြုပြောကြားခြင်းမပြုသေးဟု သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အာဂျင်တီးနား၌ နှင်းမုန်တိုင်းများ တိုက်ခတ် မော်တော်ယာဉ်အစီး ၆၀၀၀ ကျော် ရပ်ထားရ

ဗျူနို့စ်အေရီ ဇွန် ၁၉

အာဂျင်တီးနားနိုင်ငံ အင်ဒရက်အရပ်၌ လေးရက်ကြာ နှင်းမုန်တိုင်းများ တိုက်ခတ်ခဲ့ပြီး မော်တော်ယာဉ်အစီး ၆၀၀၀ ကျော် ရပ်ထားခဲ့ရသဖြင့် အာဂျင်တီးနားနှင့် ချီလီနိုင်ငံတို့ ဆက်သွယ်ထားသည့် အဓိကတောင်ကြားလမ်းကို ပိတ်ထားရကြောင်း ပို့ဆောင်ရေးတာဝန်ရှိသူတစ်ဦးက ဇွန် ၁၆ ရက်တွင် ပြောကြားသည်။

အဆိုပါရပ်ထားရသော ကားများတွင် အာဂျင်တီးနားနိုင်ငံဘက်မှ ထရပ်ကားအစီး ၃၃၀၀ နှင့် ချီလီနိုင်ငံဘက်မှ ကားအစီး ၂၈၀၀ ရှိကြောင်း ၎င်းတာဝန်ရှိသူက ပြောကြားသည်။

ထိခိုက်

ယင်းလမ်းပိတ်ဆို့မှုကြောင့် ဒေသကုန်သွယ်ရေးကို အကြီးအကျယ်ထိခိုက်စေနိုင်ကြောင်း၊ ယင်းလမ်းမကြီးသည် အာရှကုန်ပစ္စည်းများ ယင်းဒေသသို့ဝင်ရောက်ရာ လမ်းကြောင်းဖြစ်ကြောင်း၊ အာဂျင်တီးနားနှင့် ဘရာဇီး ထုတ်ကုန်များ ချီလီနိုင်ငံ၏ ပစိဖိတ် ဆိပ်ကမ်းများသို့ တင်ပို့ရာလည်း ဖြစ်ကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အီတလီ ရေပိုင်နက်အတွင်း ခိုးဝင်လာသူရှစ်ဦး လှေမှောက်၍သေဆုံး

ရောမ ဇွန် ၁၉

အီတလီနိုင်ငံ စစ္စလီတောင်ပိုင်း ရေပိုင်နက်အတွင်း တရားမဝင်ခိုးဝင်လာသူ ရှစ်ဦးသည် ဇွန် ၁၇ ရက်က ယင်းတို့၏ လှေမှောက်ပြီး သေဆုံးသွားကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

တွေ့ရှိ

အဆိုပါအလောင်းများကို စစ္စလီကျွန်းနှင့် လစ်ဗျားအကြား အီတလီကျွန်းတစ်ကျွန်းဖြစ်သည့် လန်ပီဒူဆာကျွန်းတောင်ဘက် ၆၇မိုင်အကွာ ရေပြင်တွင် ပေါလောပေါ်နေစဉ် လေယာဉ်တစ်စင်းက တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း အီတလီ ကမ်းခြေစောင့်တစ်ဦးက ပြောကြားသည်။

ပြောကြား

မိမိတို့အနေဖြင့် ယင်းသေဆုံးသူများသည် မည်သည့်အရပ်မှ လာရောက်ကြသည်ကို မသိရကြောင်း တာဝန်ရှိသူက ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ



ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ရော်ဘာပူဖောင်းများဖြင့် တည်ဆောက်ထားသည့် ပိရမစ်

ရော်ဘာပူဖောင်းများဖြင့် ပြုလုပ်ထားသော ပိရမစ်တစ်ခုကို တွေ့ရစဉ်။ (ဝဲပုံ)

စိန်ရှွန်နေအမည်ရှိ ကနေဒါ နိုင်ငံသားတစ်ဦးက ဆာယာဂျေဗိုမြို့တွင် ရောင်စုံရော်ဘာပူဖောင်းများကို အသုံးပြုကာ အမြင့်ခြောက်မီတာရှိသော ပိရမစ်တစ်ခုကို ပြုလုပ်ခဲ့ကြောင်း သိရသည်။ အဆိုပါပိရမစ်မှာ ဘော့စနီးယားနိုင်ငံတစ်ဝန်း ကလေးငယ်များ ချစ်ခင်ရင်းနှီးမှုပိုမိုရရှိရေး အထိမ်းအမှတ်အဖြစ် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

ကမ္ဘာ့အရှည်ဆုံး နံရံဆေးမှုတ်ပန်းချီ

ကမ္ဘာ့အရှည်ဆုံး နံရံဆေးမှုတ်ပန်းချီကား တစ်ခု ရေးဆွဲနေမှုကို တွေ့ရစဉ်။ (ယာပုံ)

ရိုမေးနီးယားနိုင်ငံ ဘူခါရက်မြို့တွင် ရိုမေးနီးယားနိုင်ငံသားများစုပေါင်း ဆေးမှုတ်ရေးဆွဲထားသော နံရံပန်းချီ ကားတစ်ချပ်မှာ အရှည် ၁၈၅၇ ပေရှိရာ ကမ္ဘာပေါ်၌ အရှည်ဆုံး နံရံဆေးမှုတ် ပန်းချီကားတစ်ချပ် ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ရေဝတီတိုင်း၊ မအူပင်မြို့နယ်၊ မရမ်းကံကျောင်းတိုက် နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ဘဒ္ဒန္တဝရ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ၏ ထေရုပ္ပတ္တိအကျဉ်း

ရေဝတီတိုင်း၊ မအူပင်မြို့နယ်၊ မရမ်းကံကျောင်းတိုက် နိုင်ငံတော်သြဝါဒါစရိယဆရာတော် ဘဒ္ဒန္တဝရ (အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ) ၏ ထေရုပ္ပတ္တိအကျဉ်း

ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် ဧရာဝတီတိုင်း မအူပင်မြို့နယ် ခနောင်ထော်ကျေးရွာအုပ်စု မရမ်းအရှေ့ကျေးရွာ ခမည်းတော် ဦးပွတ်- မယ်တော် ဒေါ်မင်းမယ်တို့မှ ၁၂၈၃ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်(ဗုဒ္ဓဟူးနေ့)တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်သည်။

ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၂၉၆ ခုနှစ်တွင် ကံကျောင်းဆရာတော် ဦးဝိသုဒ္ဓကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။ ၁၃၀၃ ခုနှစ် ဦးတန်ခူးလပြည့်ကျော် ၈ ရက် နံနက် ၉ နာရီအချိန်တွင် မရမ်းအရှေ့ကံကျောင်း ဆရာတော် ဦးဝိသုဒ္ဓကို ဥပဇ္ဈာယ်ပြု၍ ရန်ကုန်မြို့ ဦးဘတင်-ဒေါ်ဖွားမျှင်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် မအူပင်မြို့နယ်၊ ခနောင်ထော်ကျေးရွာအုပ်စု မရမ်းအရှေ့ကံကျောင်း ဆရာတော် ဦးဝိသုဒ္ဓ၊ မန္တလေးမြို့၊ ပခုက္ကူမြို့တို့မှ စာချဆရာတော်များထံတွင် ပရိယတ္တိစာပေများကို သင်ရိုးပေါက်အောင် သင်ယူဆည်းပူးတော်မူခဲ့သည်။

သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တွင် မြို့နယ်ဝိနည်းဓိုရ်၊ ဒုတိယအကြိမ်တွင် မြို့နယ်သံဃနာယက ဒုတိယဥက္ကဋ္ဌတာဝန်၊ တတိယအကြိမ်တွင် တိုင်းသံဃနာယကအဖွဲ့ဝင်၊ ပဥ္စမအကြိမ်တွင် နိုင်ငံတော်သြဝါဒါစရိယတာဝန်များကို ဆောင်ရွက်တော်မူလျက် မအူပင်မြို့နယ် ဘုရားသုံးဆူဘုရားကြီးဂေါပကအဖွဲ့၊ ၁၀၈တောင် ရန်မျိုးအောင်စေတီတော် ဂေါပကအဖွဲ့တို့၏ သြဝါဒါစရိယအဖြစ်တို့ဖြင့် သာသနာရေးတာဝန်များကို အားပေးဆောင်ရွက်တော်မူခဲ့သည်။

ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်အကျိုးဆောင်ရွက်တော်မူပြီး လဇ္ဇီပေသလ၊ သိက္ခာကာမစသောဂုဏ်တို့နှင့်ပြည့်စုံတော်မူသော ဆရာတော်ကြီးအား နိုင်ငံတော်အစိုးရက ၁၃၆၄ခုနှစ် ၂၀၀၃ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းပူဇော်ခဲ့သည်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်သည် သာသနာတော်အကျိုးသယ်ပိုးထမ်းဆောင်တော်မူရင်းမှ သက်တော်(၈၆)နှစ်၊ သိက္ခာတော်(၆၆)ဝါအရ ၁၃၆၉ခုနှစ် ပထမဝါဆိုလဆန်း ၁ရက်(၁၅-၆-၂၀၀၇) သောကြာနေ့ ညနေ ၄ နာရီ ၅ မိနစ်တွင် သီတင်းသုံးတော်မူရာ မရမ်းကံကျောင်းတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူပြီး ၂၅-၆-၂၀၀၇ရက် (တနင်္လာနေ့)တွင် အန္တိမဈာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

နိုင်ငံတော်သြဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တဝရ ဘဝနတ်ထံပျံလွန်တော်မူ

ရန်ကုန် ဇွန် ၁၉

နိုင်ငံတော်သြဝါဒါစရိယ ဧရာဝတီတိုင်း မအူပင်ခရိုင် မအူပင်မြို့နယ် မရမ်းကံကျောင်းတိုက်မှ ပဓာနနာယက ဆရာတော် သက်တော်(၈၆)နှစ် သိက္ခာတော်(၆၆)ဝါရှိ ဘဒ္ဒန္တဝရ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)မဟာထေရ် ဆရာတော်ကြီးသည် (၁၃၆၉ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁ ရက်) ၁၅-၆-၂၀၀၇ ရက် (သောကြာနေ့) ညနေ ၄ နာရီ ၅ မိနစ်တွင် သီတင်းသုံးတော်မူရာ မအူပင်မြို့ မရမ်းကံကျောင်းတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတကာပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ရန် ရည်ရွယ် ပဏာမမြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်းအဖွဲ့လေ့ကျင့်ပြင်ဆင်

ရန်ကုန် ဇွန် ၁၉

မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအားကစားအဖွဲ့ချုပ်သည် ၂၀၀၇ ခုနှစ်အတွင်းကျင်းပမည့် နိုင်ငံတကာပိုက်ကျော်ခြင်း အားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်ရည်ရွယ်ချက်ဖြင့် ပဏာမမြန်မာ့လက်ရွေးစင်ပိုက်ကျော်ခြင်းအဖွဲ့ကို အားကစားသမား ၄၂ ဦးဖြင့် ရွေးချယ်ဖွဲ့စည်းပြီး စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။

မြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်း အားကစားအဖွဲ့သည် အဓိကနိုင်ငံတကာပြိုင်ပွဲအဖြစ် လာမည့်ဒီဇင်ဘာလအတွင်း ထိုင်းနိုင်ငံ၌ ကျင်းပမည့် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ပစ်မှတ်ထားကာ ကြိုတင်ပြင်ဆင်လေ့ကျင့်နေခြင်း ဖြစ်သည်။

ပြိုင်ပွဲသုံးရပ်

မြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်း အဖွဲ့သည် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲမတိုင်မီ အရှေ့တောင်အာရှဒေသတွင်း ပြိုင်ပွဲသုံးရပ်၌ ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ ပြိုင်ပွဲများမှာ ဇွန် ၃၀ ရက်မှ ဇူလိုင် ၇ ရက်အထိ ထိုင်းနိုင်ငံ၌ကျင်းပမည့် (၂၂)ကြိမ်မြောက် ထိုင်းဘုရင့်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ လာမည့်ဇူလိုင် ၉ ရက်မှ သြဂုတ် ၉ ရက်အထိ မလေးရှားနိုင်ငံ၌ ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ် ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် လာမည့်အောက်တိုဘာလအတွင်း မကာအို၌ ကျင်းပမည့် ကွင်းတွင်း ခြင်းခတ်ပြိုင်ပွဲ (Hoop Takraw) ပြိုင်ပွဲတို့ဖြစ်သည်။

ပဏာမမြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်း အားကစားသမားများကို မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအားကစား အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးချစ်ခိုင်၊ ဒုတိယဥက္ကဋ္ဌ ဦးဉာဏ်ထွန်းနှင့် အတွင်းရေးမှူး ဦးကျော်ဇင်မိုး(နည်းပြချုပ်)တို့ အနီးကပ်ကြီးကြပ်မှု၊ နည်းပြခုနစ်ဦးဖြင့် လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ရှိ ပိုက်ကျော်ခြင်း အားကစားရုံ၌ ပုံမှန်လေ့ကျင့်မှုများ ပြုလုပ်နေခြင်းဖြစ်သည်။

တာဝန်ယူဆောင်ရွက်

ပဏာမမြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်း အားကစားအဖွဲ့ကို နည်းပြချုပ် အုပ်ချုပ်သူအဖြစ် ဦးကျော်ဇင်မိုး (အတွင်းရေးမှူး)၊ နည်းပြအဖွဲ့ဝင်များအဖြစ် အမျိုးသားနည်းပြ ဦးသိန်းဌေး (လယ်ယာ/ဆည်မြောင်း)၊ ဦးအောင်မျိုးသွင်(ကာကွယ်ရေး)နှင့် ဦးမိုးကျော်သူ(အား/ကာဦးစီးဌာန)၊ အမျိုးသမီးနည်းပြ ဦးသန်းလွင်(အား/ကာဦးစီးဌာန)နှင့် ဒေါ်စန်းစန်းဌေး(ပြည်ထဲရေး)၊ ကွင်းတွင်းခြင်းခတ်(Hoop Takraw) နည်းပြ ဦးတင်ဝင်း (ကာကွယ်ရေး)၊ ကြံ့ခိုင်ရေးနည်းပြ ဦးအောင်မင်း(ကာကွယ်ရေး)တို့က တာဝန်ယူဆောင်ရွက်လျက်ရှိကြသည်။

ပဏာမမြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်းအားကစားအဖွဲ့တွင် အမျိုးသား အားကစားသမား ၂၆ဦး၊ အမျိုးသမီး အားကစားသမား ၁၆ ဦး စုစုပေါင်း ၄၂ ဦးပါဝင်ပြီး ဇန်နဝါရီ ၁၅ ရက်မှစတင်၍ စခန်းသွင်းလေ့ကျင့်ခဲ့ခြင်း ဖြစ်သည်။

အုပ်စုငါးစု

ပဏာမမြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်း အားကစားအဖွဲ့ကို လက်ရွေးစင်အဆင့် အားကစားသမားများ၊ ပဏာမလက်ရွေးစင်အဆင့် အားကစားသမားများ၊ကွင်းတွင်းခြင်းခတ် (Hoop Takraw) အားကစားသမားများ၊ (အား/ကာသိပ္ပံ)မှ အဖွဲ့ချုပ် လက်ရွေးစင် အားကစားသမားများနှင့် ထပ်တိုးမျိုးဆက်သစ် အားကစားသမားများ ဟူ၍ အုပ်စုငါးစု ခွဲခြားထားသည်။

လက်ရွေးစင်အဆင့် အားကစားသမားများ အုပ်စုတွင် အမျိုးသား အောင်ချိုမြင့်၊ ဇော်လတ်၊ ကျော်သီဟဦး၊ ဇော်ဇော်အောင်(က)နှင့် ဥက္ကာစိုး၊ အမျိုးသမီး ကြူကြူသင်း၊ မေဇင်ဖြိုး၊ အေးမော်နှင့် နိုင်နိုင်ဝင်းတို့ ပါဝင်ကြသည်။

ပါဝင်ကြ

ပဏာမ လက်ရွေးစင်အဆင့် အားကစားသမားများအုပ်စုတွင် အမျိုးသား ဇော်ဇော်အောင်(ခ) အောင်မျိုးဆွေ၊ ဇင်မောင်နှင့် သန်းထိုက်၊ အမျိုးသမီး နွယ်နွယ်ထွေး၊ သီတာအေးနှင့် စုတင်ဇာနိုင်တို့ ပါဝင်ကြသည်။

ကွင်းတွင်း ခြင်းခတ် (Hoop Takraw) အားကစားသမားများအုပ်စုတွင် အမျိုးသား သန်းဇော်ဦး၊ သိန်းဇော်မင်း၊ အောင်ဇော်၊ မောင်မောင်စိန်နှင့် အောင်လှိုင်မိုးတို့ ပါဝင်ကြသည်။

(အားကာ/သိပ္ပံ) မှ အဖွဲ့ချုပ် လက်ရွေးစင် အားကစားသမားများ အုပ်စုတွင် အမျိုးသား ပြည့်စုံအောင်၊ သိန်းထွန်းစိုး၊ လင်းထက်မောင်၊ ထက်အောင်ကျော်၊ အမျိုးသမီး အိသဥ္ဇာ၊ နှင်းယုယုအေး၊ ဖြူဖြူသန်း၊ အေးအေးနှင့် ကေဇင်ထွဋ်တို့ ပါဝင်ကြသည်။

ထပ်တိုးမျိုးဆက်သစ်အားကစား သမားများအုပ်စုတွင် အမျိုးသား ကျော်ဆန်းဝင်း၊ ကျော်စိုးဝင်း၊ ပိုင်မိုးဦး၊ ဆန်းလူ၊ ထူးဝေလင်း၊ ချစ်နောင်နောင်၊ ထွန်းမြတ်ဝေယံနှင့် နိုင်ထွန်း၊ အမျိုးသမီး ဇင်မာထွန်း၊ နန့်ယဉ်ယဉ်မြင့်နှင့် ဆုမွန်အောင်တို့ ပါဝင်ကြသည်။

နိုင်ငံ့ဂုဏ်ဆောင်

မြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်း အားကစားအဖွဲ့သည် နိုင်ငံတကာ ပိုက်ကျော်ခြင်းပြိုင်ပွဲများမှ ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်များ ဆွတ်ခူး ရယူပြီး နိုင်ငံ့ဂုဏ်ဆောင်အားကစားအဖွဲ့တစ်ဖွဲ့ဖြစ်သည်။ ၂၀၀၅ခုနှစ် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပသည့် (၂၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်သုံးခုနှင့် ကြေးတံဆိပ်သုံးခု ရယူနိုင်ခဲ့သည်။

ပြီးခဲ့သည့် ထိုင်းဘုရင့်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ၌ ငွေတံဆိပ်နှစ်ခုနှင့်ကြေးတံဆိပ်တစ်ခု၊ မလေးရှား အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင်ပွဲ၌ ငွေတံဆိပ်တစ်ခု၊ ဒိုဟာ အာရှ အားကစားပြိုင်ပွဲ၌ ငွေတံဆိပ်နှစ်ခုနှင့် ကြေးတံဆိပ်နှစ်ခု ဆွတ်ခူးရရှိခဲ့သည်။ မြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်းအဖွဲ့ အနေဖြင့် နိုင်ငံတကာပြိုင်ပွဲများမှ ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်များ ရရှိအောင် စွမ်းဆောင်နည်းပြပေးခဲ့သည့် အဖွဲ့ချုပ် အတွင်းရေးမှူး ဦးကျော်ဇင်မိုး (နည်းပြချုပ်)အား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ်တို့က ၂၀၀၆ ခုနှစ်အတွက် အကောင်းဆုံးနည်းပြဆုကို ပေးအပ်ချီးမြှင့်ခဲ့သည်။

ပူးတွဲ လေ့ကျင့်

မလေးရှားနိုင်ငံမှ လက်ရွေးစင် ပိုက်ကျော်ခြင်း အားကစားအဖွဲ့သည် မြန်မာ့လက်ရွေးစင်ပိုက်ကျော်ခြင်းအဖွဲ့နှင့် ပူးတွဲ လေ့ကျင့်မှုများပြုလုပ်ရန် ဇွန် ၆ရက်က မြန်မာနိုင်ငံသို့ရောက်ရှိခဲ့ပြီး ဇွန် ၁၈ရက်က ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြသည်။

ပဏာမမြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်း အားကစားအဖွဲ့နှင့် မလေးရှားနိုင်ငံမှ လက်ရွေးစင်ပိုက်ကျော်ခြင်း အားကစားအဖွဲ့တို့သည် ဇွန် ၇ ရက်မှ ၁၆ ရက်အထိ ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသား အားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

လေးကြိမ်မြောက်

မလေးရှားနိုင်ငံမှ လက်ရွေးစင် ပိုက်ကျော်ခြင်းအဖွဲ့အနေဖြင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ အောင်မြင်မှုရရှိရေးအတွက် ရည်ရွယ်၍ မြန်မာနိုင်ငံသို့ ပူးတွဲလေ့ကျင့်မှုများလာရောက်ပြုလုပ်လေ့ရှိရာ ယခုအကြိမ်ဆိုလျှင် လေးကြိမ်မြောက် လာရောက်ခြင်းဖြစ်သည်။ မလေးရှားလက်ရွေးစင် ပိုက်ကျော်ခြင်း အားကစားအဖွဲ့တွင် နည်းပြသုံးဦးနှင့် အားကစားသမား ၃၀ ပါဝင်သည်။ မလေးရှားပိုက်ကျော်ခြင်းအဖွဲ့တွင် သုံးယောက်တွဲ(Regu)နှင့် နှစ်ယောက်တွဲ (Double Regu)ကစားသမားများသာပါဝင်ပြီး ကွင်းတွင်းခြင်းခတ်(Hoop Takraw)အားကစားသမားများနှင့် အမျိုးသမီးပိုက်ကျော်ခြင်း အားကစားသမားများ ပါဝင်ခြင်းမရှိချေ။

မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်သည် နိုင်ငံတကာပြိုင်ပွဲများအတွက် ပဏာမလက်ရွေးစင်အားကစားသမားများကို လေ့ကျင့်ပေးလျက်ရှိသကဲ့သို့ မျိုးဆက်သစ်အားကစားသမားများ စဉ်ဆက်မပြတ်ပေါ်ထွက်လာရေးအတွက် ပြည်တွင်းပြိုင်ပွဲများကိုလည်း အခါအားလျော်စွာ ကျင်းပပေးလျက်ရှိသည်။

ပါဝင်ယှဉ်ပြိုင်

၂၀၀၇ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် (၁၄)ကြိမ်မြောက် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဇွန် ၁၈ ရက်မှ ၂၄ ရက်အထိ သုဝဏ္ဏပိုက်ကျော်ခြင်း အားကစားရုံ၌ ကျင်းပလျက်ရှိရာ ပိုက်ကျော်ခြင်းအသင်းပေါင်း ၁၀၀ ကျော် ပါဝင်ယှဉ်ပြိုင်လျက်ရှိကြောင်း ဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

သတင်းဆောင်းပါး-ကိုထွေး

လေ့ကျင့်

နိုင်ငံတကာ ပိုက်ကျော်ခြင်းပြိုင်ပွဲများ၌ ဝင်ရောက်ယှဉ်ပြိုင်ရန် ပဏာမမြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်းအားကစားသမားများ သုဝဏ္ဏ ပိုက်ကျော်ခြင်းရုံ၌ ဤသို့ လေ့ကျင့်လျက်ရှိကြသည်။ (ပိုက်ကျော်ခြင်းအဖွဲ့ချုပ်)



ဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၁၉

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဂေါက်သီးရိုက်အဖွဲ့၏ လစဉ်ကျင်းပမြဲဖြစ်သော ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် ဇွန်လ မှတ်သုံဂေါက်သီးရိုက်ပြိုင်ပွဲကို ဇွန်၂၄ရက်(တနင်္ဂနွေနေ့) နံနက် ၆နာရီခွဲတွင် မြန်မာနိုင်ငံ ဂေါက်ကွင်း ကိုးမိုင်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင် ဆရာဝန်များ ဝင်ရောက် ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တိုက်စစ်မှူး ကွာဂလီယာရယ်လာ မန်ယူသို့ ဦးတည်

လန်ဒန် ဇွန် ၁၉

လာမည့် ဘောလုံးရာသီအတွက် တိုက်စစ်မှူးတစ်ဦး ရှာဖွေနေသော ပရီမီယာလိဂ်ချန်ပီယံ မန်ယူအသင်းသည် အီတလီ စီးရီးအေကလပ် ဆမ့်ဒိုးရီးယားတိုက်စစ်မှူး ကွာဂလီယာရယ်လာအား ခေါ်ယူရေး စေ့စပ်ဆွေးနွေးနေကြောင်း သတင်းထွက်ပေါ်လာသည်။

ရှာဖွေ

မန်ယူ အသင်းအတွက် လိုအပ်နေသော တိုက်စစ်မှူးမှာ ဂိုးသွင်းစွမ်းရည် ထက်မြက်ရမည့်သူ ဖြစ်သလို အသက်လည်း ငယ်ရွယ်သူဖြစ်ရန် လိုအပ်သည်ဟူသော အခြေခံသတ်မှတ်ချက်ဖြင့် မန်ယူကင်းထောက်များက ဥရောပကလပ် အသင်းပေါင်းစုံတွင် ရှာဖွေနေကြခြင်း ဖြစ်သည်။

ဟော်လန်တွင်

ထို့အတူ ဟော်လန်နိုင်ငံတွင် ကျင်းပလျက်ရှိသည့် အသက်၂၁နှစ်အောက် ဥရောပချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲသို့လည်း မန်ယူကင်းထောက်များ စေလွှတ်ကာ နိုင်ငံပေါင်းစုံမှ လူငယ်တိုက်စစ်မှူးများကို ရှာဖွေနေလျက်ရှိသည်။

ပေါင် ၁၄ သန်း

ယခုအခါ မန်ယူကင်းထောက်များ၏ တင်ပြချက်အရ ဆမ့်ဒိုးရီးယားအသင်းတိုက်စစ်မှူး ကွာဂလီယာရယ်လာအား ခေါ်ယူရန် မန်ယူမှ တာဝန်ရှိသူများနှင့်ဆွေးနွေးနေကြပြီဖြစ်သည်။ ကွာဂလီယာရယ်လာအား မန်ယူက ပေါင် ၁၀ သန်းဝန်းကျင် ပေးမည်ဟု ပြောထားသော်လည်း ဆမ့်ဒိုးရီးယားက ပေါင် ၁၄ သန်းပေးလျှင် ရောင်းမည်ဟု ဆိုထားသည်။

အီတလီနိုင်ငံသား

ထိုသို့မန်ယူက စိတ်ဝင်စားပြီး ခေါ်ယူရန်ကြိုးစားနေသော ဆမ့်ဒိုးရီးယားတိုက်စစ်မှူး ကွာဂလီယာရယ်လာမှာ အီတလီနိုင်ငံသားဖြစ်ပြီး ၁၉၈၃ခုနှစ် ဇန်နဝါရီ ၃၁ရက်က မွေးဖွားခဲ့သူဖြစ်သည်။ အရပ် ၁ ဒသမ ၈၀ မီတာရှိကာ အသက် ၂၄ နှစ် အရွယ်ရှိသဖြင့် ကစားအား အကောင်းဆုံးအချိန်ပင် ဖြစ်သည်။

၂၃ပွဲကစားခဲ့

ကွာဂလီယာရယ်လာသည် ၂၀၀၅-၂၀၀၆ဘောလုံးရာသီ၌ အီတလီစီးရီးအေကလပ် အက်စ်ကိုလီတွင် ကစားခဲ့သူဖြစ်ပြီး ထိုနှစ်က အက်စ်ကိုလီအတွက် စီးရီးအေပွဲစဉ်ပေါင်း ၂၃ ပွဲ ကစားပေးခဲ့ပြီး သုံးဂိုးသာ သွင်းယူနိုင်ခဲ့သည်။

ဂိုးအများဆုံးသွင်း

ထို့နောက် ၂၀၀၆ - ၂၀၀၇ ဘောလုံးရာသီတွင် ဆမ့်ဒိုးရီးယားသို့ ပြောင်းရွှေ့ကစားခဲ့သည်။ ဆမ့်ဒိုးရီးယားအသင်းအတွက် စီးရီးအေပွဲပေါင်း ၃၁ပွဲကစားပေးခဲ့ပြီး ဂိုးပေါင်း ၁၃ ဂိုး သွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။ ဆမ့်ဒိုးရီးယား၌ ပြီးခဲ့သည့်ဘောလုံးရာသီတွင် ဂိုးအများဆုံးသွင်းယူနိုင်သည့် တိုက်စစ်မှူးတစ်ဦးလည်း ဖြစ်သည်။

မန်ယူသို့ ပြောင်းရွှေ့လာဖွယ်ရှိသည့် ဆမ့်ဒိုးရီးယား တိုက်စစ်မှူး ကွာဂလီယာရယ်လာ။

(ဓာတ်ပုံ-အင်တာနက်)

နေထိုင်တတ်

ကွာဂလီယာရယ်လာ၏ ထူးခြားချက်မှာ ကစားဖော်များနှင့် ဆက်ဆံရေးကောင်းခြင်းဖြစ်သည်။ ဆမ့်ဒိုးရီးယားအသင်း တိုက်စစ်မှူးများဖြစ်သည့်ဘာဇာနီ၊ ဖလာချီနှင့် ဘိုနာဇိုလီ တို့နှင့်လည်း ဆက်ဆံရေး ကောင်းမွန်အောင် နေထိုင်တတ်သူ ဖြစ်သည်။

ကွာဂလီယာရယ်လာ၏ စွမ်းဆောင်ချက်ကြောင့် ဆမ့်ဒိုးရီးယားအသင်းသည် အီတလီစီးရီးအေတွင် အဆင့်ကိုး ချိတ်နိုင်ခဲ့သည်။ ဆမ့်ဒိုးရီးယားသည် ပြီးခဲ့သည့်နှစ်က အဆင့် ၁၂အထိ ရောက်အောင်ကျဆင်းခဲ့ရာ ကွာဂလီယာရယ်လာ ကြိုးစားကစားမှုကြောင့် အဆင့်တက်လာခဲ့ခြင်း ဖြစ်သည်။

အားနည်းချက်

ကွာဂလီယာရယ်လာ၏ အားနည်းချက်မှာ အဝင်အထွက် ကြမ်းတမ်းစွာကစားတတ်မှုပင်ဖြစ်ရာ ပြီးခဲ့သည့် ဘောလုံးရာသီ၌ အဝါကတ် ခုနစ်ကြိမ် အထိခံခဲ့ရမှုက ဖော်ပြနေသည်။ သို့သော်

ကိုးကားတင်ပြသူ
မောင်မောင်မြင့်ဆွေ

ကမ္ဘာ့တစ်လွှား အားကစား

တစ်ဖက်အသင်းနောက်တန်းကို အချိန်ပြည့် ခြိမ်းခြောက်နိုင်သူတစ်ဦးဖြစ်သည်။

ဂိုးများသွင်း

ပြီးခဲ့သည့်စီးရီးအေ၌ ကွာဂလီယာရယ်လာ၏ အကောင်းဆုံးခြေစွမ်းပြကစားနိုင်သည့်ပွဲများမှာ ချီယေဗိုနှင့် အိမ်ကွင်းတွင် ကစားသောပွဲဖြစ်ပြီး တစ်ဦးတည်း နှစ်ဂိုးသွင်းယူနိုင်ခဲ့သည်။ ထို့အတူ လီဗော်နိုနှင့် အိမ်ကွင်း၌ကစားရသောပွဲစဉ်တွင် ကွာဂလီယာရယ်လာ တစ်ဦးတည်း နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည့် ပွဲများဖြစ်သည်။

ယခုအချိန်၌ ကွာဂလီယာရယ်သည် မန်ယူနှင့် ဆွေးနွေးမှုများ ပြုလုပ်နေကြောင်း ကွာဂလီယာရယ်လာ၏ အေးဂျင့်ဖြစ်သူ ပက်ဂလီယာရီကတရားဝင် ထုတ်ဖော်ပြောကြားလိုက်ပြီ ဖြစ်သည်။ မန်ယူတို့က ပေါင် ၁၀သန်းထက် ပိုမိုတိုးပေးလျှင် ကွာဂလီယာရယ်လာကို ရနိုင်မည့်အခြေအနေရှိနေသည်။

ဆန္ဒရှိ

ကွာဂလီယာရယ်လာ ကိုယ်တိုင်ကလည်း မန်ယူသို့ ပြောင်းရွှေ့လိုသော ဆန္ဒရှိနေရာ မန်ယူသို့ ရောက်လာဖွယ်ရှိသည့် တိုက်စစ်မှူး တစ်ဦးဖြစ်နေသည်။ ထို့ကြောင့် လာမည့်ဘောလုံးရာသီ၌ ကွာဂလီယာရယ်လာ မန်ယူရောက်၊ မရောက် စောင့်ကြည့်ရမည်ဖြစ်ပါကြောင်း။

(ကိုးကား-အင်တာနက်)

အင်တာနက် အားကစားသတင်း အတိုအထွာ

* **မစ်ဒယ်ဘရော့တောင်ပံကစားသမား စတီးဝပ်ဒေါင်းနင်းအား အခြားသော ပရီမီယာလိဂ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိရာ ၎င်းအား ရောင်းချလိမ့်မည်မဟုတ်ကြောင်း မစ်ဒယ်ဘရော့အသင်းက ပြောကြားသည်။**

* ရီးရဲမက်ဒရစ်အသင်း နည်းပြကာပယ်လို လာမည့်ရာသီတွင် အသင်းမှ ထွက်ခွာခဲ့လျှင် ၎င်း၏နေရာ၌ နည်းပြလုပ်လိုကြောင်း ဂီတာဖေး နည်းပြ ဘန်းစချူစတာက ပြောဆိုလိုက်သည်။

* **အေစီမီလန် ကွင်းလယ်ကစားသမား ကာကာသည် ကမ္ဘာတွင် အကောင်းဆုံးဘောလုံးသမားဖြစ်ကြောင်း ဂန္ထဝင်ဘောလုံးသမားဟောင်း ပီလီက မှတ်ချက်ပြုလိုက်သည်။**

(အင်တာနက်)

ဥရောပအကောင်းဆုံး ရွှေဖိနပ်ဆုရီးမားတိုက်စစ်မှူး တော့တီဆွတ်ခူး

ရောမ ဇွန် ၁၉

ရိုးမားတိုက်စစ်မှူး ဖရန်ဆက်ကိုတော့တီသည် ယခုနှစ်ဘောလုံးရာသီ ကုန်ဆုံးချိန်တွင် ဥရောပအကောင်းဆုံး ရွှေဖိနပ်ဆု ဆွတ်ခူးရရှိသွားပြီဖြစ်သည်။

ဥရောပအကောင်းဆုံးရွှေဖိနပ်ဆု ရရှိခဲ့သည့် ရိုးမားတိုက်စစ်မှူး တော့တီ။

(ဓာတ်ပုံ-အင်တာနက်)

တစ်ဂိုးသာ

အသက် ၃၀ ရှိ တိုက်စစ်မှူး တော့တီသည် ရိုးမားအသင်းအတွက် ယခုနှစ်ရာသီတွင် စုစုပေါင်း ၂၆ဂိုး သွင်းယူခဲ့သည်။ ရီးရဲမက်ဒရစ်အသင်းမှ နစ္စတယ်ရွိုင်းထက် တစ်ဂိုးသာ အသာရခဲ့သည်။

ဒဏ်ရာကြောင့်

တော့တီသည် ဥရောပအကောင်းဆုံးရွှေဖိနပ်ဆု ဆွတ်ခူးရရှိခဲ့သော်လည်း ပြီးခဲ့သည့် ကမ္ဘာ့ဖလားတွင် ရရှိခဲ့သော ဒဏ်ရာကြောင့် ခြေချင်းဝတ်၌ သတ္တုပြားထည့်၍ တစ်ရာသီလုံး ကစားခဲ့ရသည်။

၂၆ ဂိုးသွင်း

၎င်းသည် ပြီးခဲ့သည့် အီတလီ စီးရီးအေရာသီတွင် ရိုးမားအသင်းကို အမှတ်ပေးဇယားဒုတိယနေရာသို့ ရောက်အောင် ပို့ပေးနိုင်ခဲ့သည်။ ထိုသို့ ရိုးမားအသင်းကို အမှတ်ပေးဇယား ထိပ်ဆုံးဒုတိယနေရာရောက်အောင် ပို့ဆောင်ရာတွင် တော့တီအနေဖြင့် ဂိုးပေါင်း၂၆ဂိုး သွင်းယူပေးနိုင်ခဲ့သည်။

ဂိုးသွင်းခွင့်ဆုံးရှုံး

ထို့ကြောင့်လည်း ၎င်းသည် ရမှတ် ၅၂ မှတ်ရခဲ့ပြီး ရီးရဲမက်ဒရစ်တိုက်စစ်မှူး နစ္စတယ်ရွိုင်းထက် နှစ်မှတ်သာ အသာရခဲ့သည်။ နစ္စတယ်ရွိုင်းသည် စုစုပေါင်း ၂၅ဂိုး သွင်းယူခဲ့သည်။ ၎င်းသည် ဇွန် ၁၈ရက်က မာလော့ကာ အသင်းနှင့် ယှဉ်ပြိုင်ကစားရာတွင် ၃၃မိနစ်အကြာကစားပြီး ခြေထောက်ဒဏ်ရာရခဲ့သဖြင့် ဂိုးသွင်းခွင့်များ ဆုံးရှုံးခဲ့ရသည်။

ဒုတိယမြောက်

တော့တီသည် ပြီးခဲ့သည့်ရာသီက ဖီအိုရင်တီးနားတိုက်စစ်မှူး လူကာတိုနီသည် ယင်းဆုကိုဆွတ်ခူးခဲ့ပြီးနောက် အီတလီဘောလုံးသမားများထဲမှ ဒုတိယမြောက် ဆွတ်ခူးနိုင်သူဖြစ်လာသည်။

အနားယူထား

၎င်းသည် ၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပွဲပြီးနောက် အီတလီအသင်းတွင် ကစားခြင်းမှ အနားယူထားသူဖြစ်သည်။

(အင်တာနက်)

ရေးသားသူ
မြင့်မောင်စိုး

ယူအက်စ်အိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲ အာဂျင်တီးနားမှ ကာဘရီရာဆွတ်ခူး

ပင်ဆယ်ဗေးနီးယား ဇွန် ၁၉

အမေရိကန်နိုင်ငံ ပင်ဆယ်ဗေးနီးယား၌ကျင်းပသော ယူအက်စ်အိုးပင်း ဂေါက်သီးရိုက်အားကစားပြိုင်ပွဲတွင် အာဂျင်တီးနားဂေါက်သီးအကျော်အမော် အိန်ဂျယ်ကာဘရီရာက အမေရိကန်သားများဖြစ်ကြသည့် ဂျင်ဖူရစ်နှင့် တိုက်ဂါးဝုဒ်တို့ထက် တစ်ချက်အသာရပြီး ယူအက်စ်အိုးပင်းဖလားကြီးကို ဆွတ်ခူးနိုင်ခဲ့သည်။

ငါးချက်ပို

ကာဘရီရာသည် စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ငါးချက်ပိုရိုက်ခဲ့သည်။ စုစုပေါင်း လေးရက်ရိုက်ချက်ပေါင်း ၂၈၅ ချက် ရိုက်ခဲ့သည်။

ပူးတွဲဒုတိယ

ဂျင်ဖူရစ်နှင့် တိုက်ဂါးဝုဒ်တို့ သည် စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်စီပိုရိုက်ခဲ့ပြီး ပူးတွဲဒုတိယ ရရှိခဲ့သည်။

ယူအက်စ်အိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲ၌ ဖလားဆွတ်ခူးရရှိခဲ့သည့် ကာဘရီရာ။

(ဓာတ်ပုံ-အင်တာနက်)

အချက်ပို

နောက်ဆုံးနေ့က ကာဘရီရာသည် စတင်ကစားချိန်တွင် သုံးချက်အသာဖြင့် ဦးဆောင်နေသည်။ သို့ရာတွင် ကျင်းအမှတ် ၁၆နှင့် ၁၇တို့၌ အချက်ပိုများရိုက်ခဲ့သည်။ ဂျင်ဖူရစ်သည်လည်း ကျင်းအမှတ် ၁၇၌ အချက်ပိုရိုက်ခဲ့သည်။

အံ့ဩ

မိမိသည် သတ်မှတ်ရိုက်ချက်ထက်လျှော့မရိုက်နိုင်ခဲ့၍ ဖလားရရှိရန် မမျှော်လင့်ဘဲဆွတ်ခူးခဲ့ခြင်းအတွက် အလွန်အံ့ဩမိကြောင်း ကမ္ဘာ့အဆင့် ၄၄ ရှိ ကာဘရီရာက ပြောကြားသည်။

ဆွတ်ခူးနိုင်

ကာဘရီရာသည် ၁၉၆၇ ခုနှစ်က အာဂျင်တီးနား ဂေါက်သီးကစားသမား ရော်ဘတ်တိုဒီဗီစင်ဇို ယူအက်စ်အိုးပင်းဖလားကို ဆွတ်ခူးခဲ့ပြီးနောက် တောင်အမေရိကတိုက်သား တစ်ဦးအနေဖြင့် ပထမဆုံးအကြိမ် ယူအက်စ်အိုးပင်းဖလားကြီးကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

တောင်ကြီး၌ မြန်မာနှင့်ရှမ်းစကားပြော အခြေခံသင်တန်းဆင်း

တောင်ကြီး ဇွန် ၁

ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့က ကြီးမှူးဖွင့်လှစ်သော မြန်မာနှင့် ရှမ်းစကားပြော အခြေခံသင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၃၀ ရက် နံနက် ၁၁ နာရီခွဲက တောင်ကြီးမြို့ သစ်တောရပ်ကွက် ပြည်နယ်အမျိုးသမီးရေးရာရုံးသစ်ခန်းမတွင် ကျင်းပရာ ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်သင်းမျိုးမျိုးအောင်က အဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ဂုဏ်ပြုလက်ဆောင်

ဆက်လက်၍ တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့ တာဝန်ခံ ဒေါ်မီမီချမ်းက သင်တန်းနှင့် ပတ်သက်သော အကြောင်းအရာများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်သင်းမျိုးမျိုးအောင်က သင်တန်းနည်းပြများအား ဂုဏ်ပြုလက်ဆောင် ချီးမြှင့်၍ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်ပေးအပ်သည်။

သီဆိုဖျော်ဖြေ

ထို့နောက် သင်တန်းသူများက သင်ကြားတတ်မြောက်မှု အကြောင်းအရာများကို လက်တွေ့တင်ပြ၍ ရှမ်းသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။ အဆိုပါသင်တန်းသို့ သင်တန်းသူ ၄၅ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ မေ ၂၁ ရက်မှ မေ ၃၀အထိ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ **(အမျိုးသမီးရေးရာ)**

ရှမ်းပြည်နယ် (မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး ကျောက်မဲမြို့ တောင်ဆေးလိတ်- လွယ်လမ်း-မန်ပန်-ခိုက်လုံ မြေသားလမ်း ဆောင်ရွက် ပြီးစီးမှုကို ဇွန် ၅ ရက်က ကွင်းဆင်း ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

မေ ၂၅ ရက်က နမ့်စန်မြို့ မြို့မ စည်ပင်သာယာဈေးကြီးအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကတ်၊ မီးသတ်ရေပုံးများ၊ မီးသတ်ဆေးဘူးများစနစ် တကျထားရှိမှု၊ မီးသတ်ရေကန်တွင် ရေမပြတ်ဖြည့်ထားမှု၊ အမှိုက်များ နေ့စဉ် အချိန်မှန်သိမ်းဆည်းမှုတို့ကို မြို့နယ်အရန်မီးသတ်တပ်ဖွဲ့နှင့်အတူ အမှုဆောင်အရာရှိ ဦးမြတ်ခန့်အေး၊ ဈေးခေါင်း(၄) ဦးဆန်းမောင်နှင့် ဝန်ထမ်းများကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ရုပ်မြင်သံကြားပြစက်နှင့် အလှူငွေများ လှူဒါန်း

တနိုင်း ဇွန် ၂

ကချင်ပြည်နယ်တနိုင်းမြို့နယ်အတွင်း ဖွင့်လှစ်ပြီး ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး အတွက် စာအုပ် စာစောင်၊ ရေဒီယိုကက်ဆက်၊ ရုပ်မြင်သံကြားပြစက်နှင့် အလှူငွေ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မေ ၂၁ ရက် နံနက် ၉ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံးခန်းမ၌ ကျင်းပသည်။ ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ထွေးက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဖုန်းနိုင်က ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး အတွက် ဆက်လက် ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်ငါးရပ်ကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။ ထို့နောက် စေတနာ ရှင်၊ အလှူရှင်များက ငွေကျပ် ၁၅၀၀၀ အပါအဝင်ရုပ်မြင်သံကြား ပြစက်နှစ်လုံး၊ ရေဒီယိုငါးလုံး၊ တိုင်ကပ်နာရီတစ်လုံး၊ စာအုပ်၊ ဂျာနယ်၊ သတင်းစာနှင့် စာစောင်ဇရငအုပ်စုစုပေါင်း တန်ဖိုးငွေကျပ် ၄၈၄၉၀၀ ကို လှူဒါန်းကြကြောင်း သိရသည်။ (အပေါ်ပုံ)

(မြို့နယ် ပြန်/ဆက်)

အခြေခံပညာအလယ်တန်းဆင့် ဆရာဆရာမများ အရည်အသွေးမြှင့်ဘာသာရပ် မွမ်းမံသင်တန်းဆင်း ပညာရေးရည်မှန်းချက်များဆွေးနွေး၊ ဆုများချီးမြှင့်

လှိုင်လင် ဇွန် ၈

အခြေခံပညာအလယ်တန်းဆင့် ဆရာ ဆရာမများ၏ အရည်အသွေးမြှင့် ဘာသာရပ် မွမ်းမံသင်တန်း အမှတ်စဉ်(၁/၂၀၀၇) သင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၂၉ရက်နံနက် ၉နာရီက လှိုင်လင်ခရိုင် လှိုင်လင်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်း ကျောင်းခန်းမ၌ကျင်းပရာ ဆရာ ဆရာမများက မြန်မာ့မူဟန်တေးသီချင်းဖြင့်သီဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ငွေးနှင့် ခရိုင်ပညာရေးမှူး (သင်တန်းမှူး) အမှတ် (၂)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးမြင့်ကြည်တို့က ပညာရေးရည်မှန်းချက်များကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ သင်တန်းတွင်ပထမ ဒေါ်စန်းစန်းထွေး (ပင်လုံ)၊ ဒုတိယ ဒေါ်မာမာငွေး (လှိုင်လင်)၊ တတိယ ဒေါ်မြသန်းအေး(ကွန်ဟိန်း)ဆုရသူများအား ခရိုင်ဥက္ကဋ္ဌ၊ မြို့နယ်ဥက္ကဋ္ဌနှင့် သင်တန်းမှူးတို့က ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် သင်တန်းနည်းပြများအား ဂုဏ်ပြုလက်ဆောင်ကို မြို့နယ်အတွင်းရေးမှူး ဒေါ်သင်းသင်းခိုင်က ပေးအပ်ပြီး သင်တန်းဆင်း လက်မှတ်များကို တစ်မြို့နယ်ချင်းသို့ သင်တန်းမှူးဦးမြင့်ကြည်က ပေးအပ်သည်။

အဆိုပါသင်တန်းကို မေ ၃ရက်မှ ၂၉ရက်အထိ ဖွင့်လှစ်ခဲ့ပြီး လှိုင်လင်ခရိုင်အတွင်းရှိ မြို့နယ်ခုနစ် မြို့နယ်နှင့် မြို့နစ်မြို့တို့မှ အလယ်တန်းဆင့် ဆရာ ဆရာမ ၂၆၈ဦး တက်ရောက်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဗန်းမော်မြို့တွင်းလမ်းများ ချောမွေ့ကောင်းမွန်စေရေးအတွက် ခွန်သာ-တပ်ကလေးလမ်း သဲကျောက်ခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို မေ ၁၄ ရက်က အမှုဆောင်အရာရှိ ဦးကျော်ဇေယျနှင့် တာဝန်ခံအင်ဂျင်နီယာမှူး ဦးသိန်းတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကသာခရိုင် ရဲတပ်ဖွဲ့ သားသမီးများ ပညာသင်စရိတ် ထောက်ပံ့ငွေပေးအပ်

ကသာ ဇွန် ၄

စစ်ကိုင်းတိုင်း ကသာခရိုင် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၏ သားသမီးများအား၂၀၀၇-၂၀၀၈ခုနှစ် ပညာသင်စရိတ်ထောက်ပံ့မှုနှင့် ကျောင်းဝတ်စုံပေးအပ်ပွဲ အခမ်းအနားကို မေ ၁၉ရက် မွန်းလွဲ၁နာရီခွဲက ကသာခရိုင် ရဲရိပ်သာ၌ ကျင်းပသည်။ အခမ်းအနားတွင် ခရိုင်ရဲတပ်ဖွဲ့မှူးက ကသာခရိုင်ရဲတပ်ဖွဲ့မှူးရုံးနှင့် ခရိုင်အရန်တပ်ခွဲတို့မှ တပ်ဖွဲ့ဝင်များ၏ သားသမီး ၆၀တို့အား ကျောင်းဝတ်စုံ၊ စာအုပ်နှင့်စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ချင်းပြည်နယ် သာသနာပြုကျောင်းအတွက် အလှူငွေပေးအပ်

ရန်ကုန် ဇွန် ၁၉

သာသနာပြု လုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်တော်မူလျက်ရှိသော ချင်းပြည်နယ် ဟားခါးမြို့ မြို့မသာသနာပြုစာသင်တိုက်၊ ပဓာနနာယက ချင်းတောင်တန်းသာသနာပြု ဗဟိုခေါင်းဆောင်ဆရာတော် ဘဒ္ဒန္တတေဇောသာရ(မွှော စရိယ၊ ဘီအေ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်ဝိနည်းဓိုရ်)သည် နယ်စပ်နှင့် တောင်တန်းဒေသမှ ဓမ္မာစရိယတန်းရောက် တိုင်းရင်းသား ရဟန်း၊ သာမဏေများ သီတင်းသုံး ပညာသင်ကြားနိုင်ရန် ချင်းပြည်နယ် ဗုဒ္ဓသာသနာထွန်းကားရေး ရတနာလင်္ကာရ သာသနာပြုကျောင်းတော်ကြီးကို တာမွေမြို့နယ် မလွကုန်းဌေးကြွယ် (က) ရပ်ကွက် ကျိုက္ကဆံလမ်း အမှတ် ၃၁၄ တာမွေဈေးအနီးတွင် ဆောက်လုပ်သာသနာပြုလျက်ရှိသည်။

ကျောင်းတော်ကြီးအတွက် ပဲခူးတိုင်း ဝေါမြို့နယ် တောင်/မြောက်သူဌေးကုန်းရွာ၊ အဘားရွာ ညအထူးတရားပွဲ စေတနာရှင်များ စုပေါင်း အလှူငွေကျပ် ၃၅သိန်း ၊ ဘိုးဦးစိန်ရွာနေ ဦးစိန်ကြည်-ဒေါ်ခင်သန်းသန်း မိသားစုကငွေကျပ်ငါးသိန်း၊ မိခင်ကြီးဒေါ်ဝင်းက ငွေကျပ်သုံးသိန်း၊ အဘားရွာနေ ဦးတင်မြင့်-ဒေါ်မြင့်မြင့်သန်း မိသားစုကငွေကျပ် သုံးသိန်း၊ တောင်သူဌေးကုန်းရွာနေ ဦးထွန်းကြည်-ဒေါ်ရင်စန်း မိသားစုကငွေကျပ် နှစ်သိန်းသုံးသောင်း၊ ဝေါမြို့နေ ဦးဟန်ထွန်းအောင်-ဒေါ်ခင်သောင်း (ထွန်းရတနာမိသားစု)က ငွေကျပ် တစ်သိန်း၊ အဘားရွာနေ ဦးထွန်းစိန်-ဒေါ်သိန်းမေ၊ ဦးခင်စိုး-ဒေါ်အေးမှီ၊ ဦးမြင့်အောင်-မပြုံးထွေး၊ ကိုရန်အေး-မခင်မာချို မိသားစုတို့နှင့် မြောက်သူဌေးကုန်းရွာနေ ဦးညီမောင်-ဒေါ်စိန်၊ ဒေါ်မြမိသားစု၊ ဘိုးဦးစိန်ရွာနေ ဦးကျော်အေး-ဒေါ်တင်အေး၊ ဦးကျော်စိုး-ဒေါ်စန်းမိသားစု၊ ပဲခူးမြို့ ဘိုကုန်းရပ်နေ ဒေါက်တာစိုးထိုက်-မခိုင်နွယ်စိုးမိသားစုတို့က အလှူငွေကျပ် တစ်သိန်းစီတို့ကို သာသနာပြု ဆရာတော်ထံ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

(က-ပ)

တစ်မိုးနှစ်သီး ပထမစပါးသီးထပ်ရင်စိုက်ပျိုးပွဲ အင်္ဂပူ၌ကျင်းပ မြေပြင်မျိုးပြောင်းစနစ်ကောင်းဖြင့် တင်း၁၀၀ထွက်ရှိရေး ဆွေးနွေး

အင်္ဂပူ ဇွန် ၈

ဧရာဝတီတိုင်း အင်္ဂပူမြို့နယ် တစ်မိုးနှစ်သီးပထမစပါး သီးထပ်ရင် စပါးစိုက်ပျိုးပွဲကို ဇွန် ၂ရက် နံနက်က အင်္ဂပူမြို့နယ် မဲဇလီကုန်းကျေးရွာအုပ်စု မဲဇလီကုန်းကျေးရွာ လယ်သမားကြီး ဦးလှမိုး၊ ဦးသိန်းဝင်းဦး၊ ဦးခင်ဝင်း၊ ဦးကြည်ငွေး၊ ဦးစိုးလင်းအောင်၊ ဦးကျော်မြင့်၊ ဦးအောင်သန်းနိုင်နှင့် ဦးအောင်မြင့်စိန်တို့၏ လယ်မြေ ၁၀ဧကတွင် ကျင်းပသည်။

သီးထပ်ရင်စပါးစိုက်ပျိုးပွဲသို့ အင်္ဂပူမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လင်း၊ မြို့နယ်မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းမန်နေဂျာ ဦးစောမြင့်သိန်းနှင့် မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မဲဇလီကုန်းကျေးရွာဥက္ကဋ္ဌ ဦးအောင်စိုးနှင့်အဖွဲ့ဝင်များ၊ ကျေးရွာတောင်သူလယ်သမားများ တက်ရောက်အားပေးကြည့်ရှုကြပြီး လိုအပ်သည်များ ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်လင်းနှင့် အဖွဲ့ဝင်များသည် မြေပြင်မျိုးပြောင်းစနစ်ကောင်း အထွက်နှုန်းသေချာ တင်း၁၀၀စိုက်ပျိုးထွက်ရှိရေး အတွက် တောင်သူလယ်သမားများအား တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။ (၁၃၁)

ကချင်ပြည်နယ် မိခင်နှင့် ကလေးကြီးကြပ်ရေးအဖွဲ့ကြီးမှူး ဗုဒ္ဓဒေသနာ အကောင်းဆုံး ရွတ်ဆိုမှု ရွေးချယ်ဆုချီးမြှင့်

မြစ်ကြီးနား ဇွန် ၅

ကချင်ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော ဗုဒ္ဓဒေသနာတော် အကောင်းဆုံးရွတ်ဆိုနိုင်မှု ရွေးချယ်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို မေ ၂၇ ရက် မွန်းလွဲ ၂ နာရီက မြစ်ကြီးနားမြို့ ပြည်နယ် သာသနာ့ဗိမာန်တော်ကြီးတွင် ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ဖွင့်လှစ်ပြီး ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နုနုဆွေက ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဂုဏ်ပြုဆု ၁၂ဆု ရရှိသော ဝတ်အသင်းများကို ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့များကလည်းကောင်း၊ အထူးဆုရ ဝတ်အသင်းငါးသင်းကို ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်အုံးကလည်းကောင်း၊ တတိယဆုရ အမျိုးသမီး ဥတ္တရာဝတ်အသင်းနှင့် သုခဏာရီပြည်နယ်ရဲတပ်ဖွဲ့(ခ)ဝတ်အသင်းအား ဆုငွေကျပ်၁၅၀၀၀ကို ဗိုလ်မှူးကြီးဝင်းမြင့်၏ဇနီး ဒေါ်သင်းသင်းအေးကလည်းကောင်း၊ဒုတိယဆုရအမျိုးသား အေးစေတီရပ်ကွက်ဝတ်အသင်းနှင့် အမျိုးသမီးအေးမြသာယာရပ်ကွက်ဝတ်အသင်းတို့အား ဆုငွေကျပ် ၂၀၀၀၀ကို ဗိုလ်မှူးချုပ်ဇော်ထွန်း၏ဇနီး ဒေါ်စောကေခိုင်ကလည်းကောင်း၊ ပထမဆုရ အမျိုးသား ပမ္မတီးရပ်ကွက်ဝတ်အသင်းနှင့် အမျိုးသား သုခဏာရီပြည်နယ်ရဲတပ်ဖွဲ့(က)ဝတ်အသင်းတို့အား ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နုနုဆွေက ဆုငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် လည်းကောင်း ဆုပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓ သာသနာပြု မြန်မာ ကျောင်းတော်ကြီး ဖြစ်မြောက် ရေးအတွက် အလှူရှင် ဦး ခင် ဟန်-ဒေါ်ကျင် ဆိုင် မိသားစုက အလှူငွေကျပ် သုံးသိန်းကို ပြင်သစ်နိုင်ငံ သာသနာပြုဆရာတော် ကျွန်းနံ့သာ အရှင်နန္ဒသိရီထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မြို့နယ် သတင်းများ

ကျေးရွာများ သောက်သုံးရေ မှုလုံစွာရရှိရေး စက်ရေတွင်းများ ကြံ့ခိုင်ရန်ဆောင်ရွက်

ယင်းမာပင် ဇွန် ၄

မုံရွာခရိုင် ယင်းမာပင် မြို့နယ် စည်ပင်သာယာ ရေးအဖွဲ့ ယင်းမာပင်မြို့နယ် အတွင်းရှိ ကျေးရွာများ သန့်ရှင်းသောသောက်သုံး ရေ ဖူလုံစွာရရှိရေးအတွက် ဆောင်ရွက်လျက်ရှိရာ စက်ရေတွင်း ကိုးတွင်း၊ အဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် စက်ရေတွင်း ၁၄တွင်း နှင့် အလှူရှင် လှူဒါန်းငွေဖြင့် ဆောင်ရွက်ခဲ့သည့် စက်ရေတွင်း ၂၃တွင်းတို့ကို မေ ၁၈ရက်မှ ၂၀ရက်အထိ အမှုဆောင်အရာရှိ ဦးဝင်း ဇော်နှင့် အငယ်တန်းအင်ဂျင် နီယာ (၃) ဦးလင်းထိုက်မြင့် တို့က ဆောင်ရွက်ပြီးသော စက်ရေတွင်းများ ရေရှည် ကြံ့ခိုင်မှုရှိရေး၊ ရေထွက် ကောင်းမွန်ရေးတို့ အတွက် ကွင်းဆင်း စစ်ဆေးမှုများ ဆောင်ရွက် ကြကြောင်း သိရသည်။

(ယာပုံ)(မြို့နယ် ပြန်/ဆက်)

ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေး

စာရေးကိရိယာများ ပေးအပ်လှူဒါန်း

ချောင်းဦး ဇွန် ၆

မုံရွာခရိုင် ချောင်းဦးမြို့နယ် တောကျောင်းကြီးစံပြကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ၌ ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေးနေ့ သီတင်းပတ်လှုပ်ရှားမှုနှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မေ ၃၁ရက်က ကျင်းပသည်။

အခမ်းအနားသို့ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးလှဌေးနှင့်အဖွဲ့ဝင်များ၊ တောကျောင်းကြီးစံပြကျေးရွာ အထက(ခွဲ) ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းဝင်းဌေးနှင့် ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးငွေပေါနှင့် အဖွဲ့ဝင်များ၊ ရွာမိရွာဖများ၊ ကျောင်းသားမိဘများ၊ ကျောင်းသူ ကျောင်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီးနှင့်တက်ရောက်လာကြသော ဧည့်သည်များက ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံမှုကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့တို့က ချို့တဲ့နွမ်းပါးသော ကျောင်းသား ကျောင်းသူများအတွက် စာရေးကိရိယာ ဝယ်ယူအသုံးပြုရန် အလှူငွေကျပ် ၁၀၀၀၀ကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံယူသည်။

ဆက်လက်၍ မူလတန်းဆင့် အခမဲ့သင်ယူနိုင်ရေးအတွက် ကျောင်းသုံးပုံနှိပ်များကို ကျေးရွာအသင်း စည်းရုံးရေးမှူး ဦးစိုးနိုင်က မူလတန်းဆင့် ကျောင်းသူတစ်ဦးအား ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(အောက်ပုံ)**

(ကြံ့ခိုင်ဖွံ့ဖြိုးရေး)

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင် တည် ဆောက်လျက် ရှိသော ကမ္ဘာ့ဝိပဿနာ စေတီတော်ကြီး အတွက် ငွေကျပ် ငါးသိန်းကို ဝေနေယျ သုခ ရေချမ်းစင် အသင်း (၁၀၂) နှစ်ပြည့် အထိမ်းအမှတ် အဖြစ် လှူဒါန်းစဉ်။ (က-ပ)

ဖလမ်းမြို့ ကြောင်သဲကျေးရွာသွားလမ်းတိုးချဲ့

ဖလမ်း ဇွန် ၈

ချင်းပြည်နယ် ဖလမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့ပြနှင့် ကျေးလက် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျေးလက်နေ ပြည်သူများ ခရီးသွားလာမှု လွယ်ကူချောမွေ့စေရန်အတွက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထလာဟရဲ ကြီးကြပ်ဆောင်ရွက်သည့် ဖလမ်းမြို့ ကြောင်သဲကျေးရွာသွားလမ်း ၁ ဒသမ ၅မိုင် လူသွားလမ်းမှ ကားလမ်းအဖြစ် မြေသားလမ်းတိုးချဲ့ခြင်းလုပ်ငန်းကို မေ ၃ရက်မှစတင်၍ ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်လျက်ရှိရာ မေ ၃၁ရက်က အရှည် ၄ ဖာလုံ၊ အကျယ် ၁၀ပေ ကို တိုးချဲ့ဖောက်လုပ်ပြီးစီးခဲ့ပြီဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပန်းအလှပင်များ မြေချစိုက်ပျိုး

ဇွန် ၁၀ရက်က ဖျာပုံမြို့ အောင်သုခလမ်းဘေး ဝဲယာတစ်လျှောက် ပန်းအလှပင်များ မြေချစိုက်ပျိုးခြင်းကို ဦးစီးအရာရှိ ဦးသီဟထွန်း ဦးဆောင်သော မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်းလုပ်ဆောင်ကြစဉ်။ (၁၅၈)

ကြေးပိဋကတ်တော်ပြုလုပ်ရန် အလှူငွေများလှူဒါန်း

ရန်ကုန် ဇွန် ၁၉

ကြေးပိဋကတ်တော် အဘိဓမ္မာပိဋကဝင် ပဋ္ဌာနအုပ် ကထာဝတ္ထုပါဠိတော်ကျမ်းအတွက် ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ(အစိုးရဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ)အရှင်မြတ်ထံ ကမာရွတ်မြို့နယ် (၁) ရပ်ကွက် အောင်မြေသာစည်အိမ်ရာ တိုက်(၁)နေ ဦးသိန်းဝင်း-ဒေါ်သက်သက်မြင့်၊ သား ဟိန်းမင်းညန့်၊ ဉာဏ်လင်းထက်၊ သမီး မနွေးနွေး၊တောင်ဥက္ကလာပမြို့နယ် (၆)ရပ်ကွက် ကေတုမတီ ၁၈လမ်းနေ ဦးမော်မော်သိန်း-ဒေါ်အေးအေးမာ၊ သမီး မနေခြည်မြတ်နိုး၊ မရမ်းကုန်းမြို့နယ် သမိုင်း အောင်သိဒ္ဓိလမ်း ပိတောက်ရိပ်သာနေ ဦးသိန်းထွန်း-ဒေါ်မြင့်မြင့်သိန်း၊ သား မောင်ရဲနိုင်ထွန်း၊ သမီး မဝါဝါမြင့်၊ ကမာရွတ်မြို့နယ် ပြည်ရိပ်မွန်အိမ်ရာ တိုက် (၁၀)နေ ဦးသိန်းဝင်း(ပြည့်စုံပရိဘောဂ)- ဒေါ်လဲ့လဲ့ဝင်း (မြို့နယ်တရားသူကြီး)၊ သမီး မယွန်းနန္ဒာလှိုင်၊ မရမ်းကုန်းမြို့နယ် အောင်သိဒ္ဓိရပ်ကွက် အောင်မင်္ဂလာလမ်းနေ ဖခင်ဦးဘန်ချိန်း(၃၃)နှစ်ပြည့်အား ရည်စူး၍ သားသမီးတစ်စု၊ အလုံမြို့နယ် ကမ်းနားလမ်း Sinmaပရိဘောဂစက်ရုံ Sinma-Spray-Sectionမှ ဝန်ထမ်းများ၊တောင်ဥက္ကလာပမြို့နယ်(၇)ရပ်ကွက် ၂၂လမ်းနေ ဦးအောင်ဖိုးသိန်း-ဒေါ်လှအေးရွှေ၊ ပုဇွန်တောင်မြို့နယ် ဗိုလ်ချုပ်လမ်းနေ မိခင်ကြီး ဒေါ်မြမြအားအမှူးထားလျက် ဦးသိန်းညွန့်-ဒေါ်မြချိုမိထွန်း၊ သား မောင်ထက်အောင်ဝင့်၊ သမီး မဝင်းမြတ်မြတ်အောင်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ် (၃၈) ရပ်ကွက် ဓမ္မသုခလမ်းနေ ဦးမျိုးမြင့်-ဒေါ်ခင်ဝင်းမြင့်၊ ဗဟန်းမြို့နယ် ဆရာစံမြောက်အနောက်ရပ်ကွက် တင့်ဆန်းလမ်းနေ ဦးစိုင်းမျိုးတင့်- ဒေါ်နန်းဌေးဌေးညို၊ သား မောင်စိုင်းညီညီညို၊ သမီး မနန်းလုံလုံညို၊ မနန်းဖူးဖူးညိုမိသားစုတို့က ကြေးပြားနှစ်ချပ်စီ၊ သုဝဏ္ဏ (၁၃)ရပ်ကွက် စရည်းပင်လမ်းနေ သမီး မထွန်းစုမြတ်မွန်သိန်း(ခ)ဘေဘီလေးအား ရည်စူး၍ မိဘများဖြစ်သော ဦးထွန်းထွန်း-ဒေါ်မာလာသိန်း၊ သား မောင်အောင်ဇင်ဖြိုးသိန်း၊ စမ်းချောင်းမြို့နယ် ဝေဠုဝန်ရပ်ကွက် ကံ့ကော်လမ်းနေ ဦးစိန်လှထွန်း-ဒေါ်အေးကြည်၊ သားသမီးမြေးမြစ်များ၊ သဃ်န်းကျွန်းမြို့နယ် (က)ရပ်ကွက် ဂမုန်းလမ်းနေ ဦးချစ်ထွန်းမိသားစု၊ ဝေါမြို့ အရှေ့ဘက်ကမ်းမှ ဦးထွန်းရီ-ဒေါ်အုန်းမြင့်၊ ရှင်စောပုရပ်ကွက် စမ်းချောင်းလမ်းနေ မိဘများအားအမှူးထား၍ ဦးစံသိန်း-ဒေါ်အေးအေးလှိုင်၊သားမောင်ဥက္ကာကျော်၊ စမ်းချောင်းမြို့နယ် သီရိခေမာရပ်ကွက် ခေမာလမ်းနေ ဦးစိုးသိန်း-ဒေါ်သိန်းအိတို့က ကြေးပြားတစ်ချပ်စီ လှူဒါန်းကြသည်။ **(က-ပ)**

နောင်ချိုမြို့မဈေးနှင့် မြို့တွင်း သောက်သုံးရေ လုံလောက်စွာရရှိရေးအတွက် သုံးလက်မရေပိုက်လိုင်းသစ် အရှည်ပေ ၂၅၀၀ကို ထပ်မံသွယ်တန်းလျက်ရှိရာ ရေပိုက်လိုင်း တူးဖော်သွယ်တန်းမှုကို မေ ၂၃ရက်က အမှုဆောင်အရာရှိ ဦးဝင်းမော်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ဗိုလ်ဗိုလ်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)



CERTIFICATE in ENGLISH COMMUNICATION SKILLS

STI Education *like no other*

CE CS
▸ သင်တန်းပြီးဆုံးပါက အင်္ဂလိပ်စကား ကျွမ်းကျင်စွာပြောဆို၊ ရေးသားတတ်မည် ဖြစ်ပါသည်။ Native Trainer များမှ သင်ကြားပေးပါသည်။

Diploma in TESOL

▸ နိုင်ငံတကာအသိအမှတ်ပြု အင်္ဂလိပ်ဘာသာ ဆရာဖြစ် အောင်လက်မှတ်သင်တန်းဖြစ်ပါသည်။ LTTC မှ ဝါရင့် Native Lecturer များမှသင်ကြားပေးပါသည်။ သင်တန်းပြီးဆုံးပါက STI နှင့် LTTC မှ အောင်လက်မှတ် ချီးမြှင့်ပါသည်။

Certificate in TEFL (နိုင် ငံ တ ကာ အ သိ အ မှတ် ပြု)

"အင်္ဂလိပ်ဘာသာ ဆရာဖြစ် အောင်လက်မှတ်သင်တန်း"
သင်တန်းပြီးဆုံးပါက STI နှင့် LTTC မှအောင်လက်မှတ်ချီးမြှင့်ပြီး Diploma in TESOL သို့ Credit Transfer ဖြင့်တက်ရောက်နိုင်ပါသည်။ LTTC မှ ဝါရင့် Native Trainerများမှသင်ကြားပေးပါသည်။

English-to-GO

▸ ပြည်ပ၌ဆက်လက်ပညာသင်ကြားမည့်သူများ၊ လုပ်ငန်းခွင်တွင် အင်္ဂလိပ်လို ဆက်သွယ်ပြောဆိုမည့်သူများအတွက် အထူးသင်တန်းဖြစ်ပါသည်။

IELTS
PREPARATION PROGRAM
▸ Beginners ▸ Exam Preparation
▸ Native Trainer များမှသင်ကြားပေးပါသည်။

ENROLL NOW! 50 70 46/48, 50 71 51/52
(Room-7, Block-4) (Room-3, Block-7), MICT Park.

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ယ/၅၉၈၆၂ Honda CG 125ယာဉ်လက်ဝယ်ရှိသူဦးခင်မောင်ဌေး ၁၄/ဇလန(နိုင်)၀၅၈၂၃၂က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး၊ (ဟသ်ာတ)။

ဒီဇယ်ဓာတ်ဆီ စက်ပြင်သင်တန်း (နေထိုင်မှုအခမဲ့) ဖုန်း-၅၄၄၆၂၄ ၂၁အာနောက်မြင်းပြိုင်ကွင်းလမ်း တာမွေမီးသွိုင်းအနီး၊ရန်ကုန်

ကားစီးလုံးငှားသည်။
Zaw Win & Associates
Car Rental & General Services
ကားပိုင်ရှင်များ ဆက်သွယ်နိုင်ပါသည်။
ဖုန်း-၅၄၀၅၄၅၊ ၀၉-၈၀-၂၀၀၉၁

ပြင်ဆင်ဖတ်ရှုပါရန်

၁၇-၆-၂၀၀၇ရက်ထုတ် ဤသတင်းစာပါ ပုသိမ်ခရိုင်တရားရုံး၏ ငြင်းချက်ထုတ်ရန် သမ္မန်စာ ၂၀၀၆ခုနှစ် တရားမကြီးအမှုအမှတ် ၁၀၁ တွင် ၁၃၆၉ ခုနှစ် ဒုတိယ ဝါဆိုလဆန်း ၁၄ ရက်အစား ၄ ရက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ဖလမ်းခရိုင်တရားရုံး
၂၀၀၇ ခုနှစ် တရားမဇာရီမှုအမှတ်-၁၅

မန်နေဂျာ	နှင့်	၁။ ဦးကီာလ်ကျဲမ်း
မြန်မာ့စီးပွားရေးဘဏ်		၂။ ဒေါ်ရဲမ်တလွေဇီး
ဟားခါးမြို့။		ပြည်တော်သာရပ်ကွက်၊ ဟားခါးမြို့။
တရားနိုင်		**တရားရှုံး**

၂၀၀၆ခုနှစ် တရားမ မူလမှု အမှတ်၄တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၇ ခုနှစ် ဇူလိုင် ၃ ရက်၊ (မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၄ ရက်) မွန်းမတည့်မီ နံနက် ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

ဟားခါးမြို့ ပြည်တော်သာရပ်ကွက်ရှိ မြေကွက်အမှတ်(-) ဦးပိုင်အမှတ် ၄၅ မြေငှားပတ္တာစာချုပ် အမှတ် ၆၉/၉၂ အတိုင်းအတာ (ပေ ၅၀Xပေ ၈၀X၄၅ ပေXပေ ၈၀) ဧရိယာ ၀ ဒသမ ၀၈၇ ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂၄ပေX၁၆ပေ) ပတ်လည် တိုက်အိမ်နှင့် (၁၆ပေX၁၂ပေ) ပတ်လည် မီးဖိုချောင်။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၄၀။

ရောင်းချရန် စည်းကမ်းချက်

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါရှိခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၇ ခုနှစ် မေ ၃၀ ရက်တွင် ရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မောင်မောင်အေး
ခရိုင်တရားသူကြီး
ဖလမ်းခရိုင်တရားရုံး။

ဦးကျော်မြင့်(ခ)ဦးဟာရှင်(World Star) ဆောက်လုပ်ရေးနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ နေမျိုးသူရလမ်း၊ မြေတိုင်းအမှတ်-၃၄(FG)၊ မြေကွက်အမှတ်-၁၂၁၂၊ မြေကွက်ပေါ် ခြောက်ထပ်၊ နှစ်ခန်းတွဲ အဆောက်အအုံ ဆောက်လုပ်ရန် ကန်ထရိုက်တာ ဦးကျော်မြင့်(ခ) ဦးဟာရှင်(AKB-၁၉၁၉၄၈)နှင့် စာချုပ် ချုပ်ဆိုခဲ့ပါသည်။ လုပ်ငန်းလုပ်ဆောင်ခြင်းမရှိ၊ လာရောက်ဖြေရှင်း တွေ့ဆုံခြင်းမရှိသည့်အတွက် ဦးကျော်မြင့်(ခ) ဦးဟာရှင်နှင့် ချုပ်ဆိုခဲ့သော ကန်ထရိုက်စာချုပ်ကို ယနေ့မှစ၍ လုံးဝဖျက်သိမ်းလိုက်ပါကြောင်းနှင့် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး စာအမှတ်(၁၃၈၀) ၁၃-၂-၂၀၀၇ရက်စွဲဖြင့်ပေးခဲ့သော အထူးကိုယ်စားလှယ်လွှဲစာ(G-P)ကိုလည်း ရုပ်သိမ်းလိုက်ကြောင်း ကြေညာလိုက်ပါသည်။ ၁၄ရက်အတွင်း လာရောက်ဖြေရှင်းပါ။ မလာရောက်ခဲ့ပါက အထက်ပါဆောက်လုပ်ဆဲ အဆောက်အအုံသည် ဦးကျော်မြင့်(ခ)ဦးဟာရှင်နှင့် လုံးဝပတ်သက်ခြင်းမရှိ၊ ပိုင်ဆိုင်ခြင်းမရှိကြောင်း အများသိစေရန် ကြေညာလိုက်သည်။ **မြေရှင်-ဦးစံသိန်း ၁၂/ဗဟန(နိုင်)၀၄၅၆၈၈။**

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

လှိုင်သာယာမြို့နယ် စက်မှုမြို့ မြေတိုင်းရပ်ကွက် အမှတ် အပိုင်း(၃) မြေကွက်အမှတ် ၃၁ ဧရိယာ၂ ဒသမ ၀၀၁ ဧက ဒေါက်တာ လဂျာအမည်ပေါက် ဂရန်ပျောက်ဆုံးသွားပါ သဖြင့် ဂရန်မိတ္တူထုတ်ပေးရန် အမည်ပေါက် ဒေါက်တာ လဂျာ နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် ၁/မကန (နိုင်) ၁၀၂၇၄၉ ကိုင်ဆောင်သူက လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့် ရက်မှ ၁၅ ရက်အတွင်း အထောက်အထားမှုရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်း မရှိပါက မူရင်းဂရန်အား ပယ်ဖျက်၍ ဂရန်မိတ္တူထုတ်ပေးမည်ဖြစ်ကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန။

မြန်မာ့အလင်းသတင်းစာကြော်ငြာများ အောက်ပါလိပ်စာများ၌ ထည့်သွင်းနိုင်

ရန်ကုန် ဇွန် ၁၉

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတွင် ရန်ကုန်မြို့မှ ကြော်ငြာထည့်သွင်းလိုသော ကြော်ငြာရှင်များ ဆက်သွယ်သွားလာမှုလွယ်ကူစေရန်အတွက် လက်ရှိ **အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၄၅၈၃၄** ၌ ကြော်ငြာများ နေ့စဉ်လက်ခံနေသည့်အပြင် အထူးအစီအစဉ်ဖြင့် **နယူးလိုက်အော့ဖ် မြန်မာသတင်းစာတိုက် အမှတ် ၂၂/၃၀၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၃၉၂၂၂၃** တွင်လည်း မြန်မာ့အလင်းသတင်းစာ ကြော်ငြာဌာနကို တိုးချဲ့ဖွင့်လှစ်၍ ရုံးဖွင့်ရက်များ၌ နေ့စဉ် နံနက် ၁၀နာရီမှ ညနေ ၄နာရီအထိ ကြော်ငြာများ လက်ခံပေးလျက်ရှိပါသည်။ **အထက်ပါ နှစ်နေရာတွင်သာ လာရောက်ထည့်သွင်းကြပါရန် ဖော်ပြအပ်ပါသည်။**

(မြန်မာ့အလင်း)

ဖခင်အမည်မှန်

ကျိုင်းတုံမြို့ အထက(၃) ပဋ္ဌမတန်း(B)မှ စိုင်းအောင်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးလောဆန် ၁၃/ကတန(နိုင်)၀၆၆၉၃၂ ဖြစ်ပါသည်။

မွေးသက္ကရာဇ်မှန်

အဖ ဦးစိုင်းဆွေဆိုင်(ခ) ဦးစိုင်းစိန်တာ ၁၃/မပတ(နိုင်)၀၁၃၉၁၈ ၏သား အလက (မိုင်းပျဉ်း) ပဋ္ဌမတန်းမှ မောင်စိုင်းစွမ်လှိုင်း၏ မွေးသက္ကရာဇ် အမှန်မှာ ၉-၆-၁၉၉၈ ဖြစ်ပါသည်။

တောင်တွင်းကြီးမြို့နယ် အုန်းတော(၂)ရပ်ကွက် ဗဟိုစည်လမ်း အရှည်ပေ ၆၀၀ ကျောက်ချောလမ်းခင်းရန် လိုအပ်သော ကျောက်များစုဆောင်းခြင်းလုပ်ငန်းကို ဇွန် ၄ရက်က မြို့နယ်အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူနှင့် အင်ဂျင်နီယာမှူး ဦးအောင်ကျော်မိုးတို့ ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး ဆယ်ယူရှင်းလင်း

တမူး ဇွန် ၅

တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မိုးရာသီအတွင်း မြို့သန့်ရှင်းသာယာလှပရေးအတွက် လမ်းဘေးဝဲယာ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရန် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ မေ၂ရက်က ကံ့ကော်လမ်းရှိ ရေနုတ်မြောင်း ဆယ်ယူရှင်းလင်းမှုကို တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းကျော်နှင့် အမှုဆောင်အရာရှိ ဦးမျိုးသန့်ဦးတို့ ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မဇ္ဈိမ ဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် ဆောက်လုပ် နေဆဲဖြစ်သည့် အိန္ဒိယ နိုင်ငံဆိုင်ရာ ပညာ သင် မြန်မာ ရဟန်းတော်များ အဖွဲ့ပိုင် သုံးထပ် ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာ ပညာရေး ဗိမာန် တော်ကြီး) အတွက် ကျောင်းအလှူရှင် ရန် ကုန် တိုင်း အင်းစိန်မြို့နယ် ပေါက်တောရပ်ကွက် သီရိရတနာ ၂ လမ်း အမှတ် ၄၁၅ နေ ဦးသိန်းဌေး(ကျောင်းအုပ်ကြီး၊ ထခွဲ လ/၇ အင်းစိန်)နှင့် ဒေါ်ခင်မေသန်း [ကျောင်းအုပ်ကြီး(ငြိမ်း)ထ-၂ အင်းစိန်] မိသားစုတို့က ကျောင်းအလှူငွေကျပ် ၁၅၀၀၀၀ ကိုလှူဒါန်းရာ ကျောင်းတော်ကြီး အကျိုးတော်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ဦးဣန္ဒဝံသက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။

(က-ပ)

မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းလမ်းတစ်လျှောက် အမှိုက်သရိုက်ကင်းစင်ရေးအတွက် သန့်ရှင်းရေးဆောင်ရွက်မှုကို နေ့စဉ်သတ်မှတ်ချိန်အလိုက် ဆောင်ရွက်လျက်ရှိရာ မေ ၂၇ရက်က သန့်ရှင်းရေးဝန်ထမ်းများ နတ်မောက်လမ်းတစ်လျှောက် အမှိုက်သိမ်းဆည်း ရှင်းလင်းမှုကို ဒုတိယဦးစီးမှူး (သန့်ရှင်းရေး) ဦးမျိုးနိုင် ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ်
ပထမဝါဆိုလဆန်း ၇ ရက်
၂၁-၆-၂၀၀၇ (ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ အာဋာနာဋိယ သုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ စက်မှုစွမ်းအားခေတ်ကျော်လွှား (စွပ်ကျယ်စက်ရုံ ကျောက်ဆည်၏ ထုတ်လုပ်မှုများ)
၁၁း၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) ကျန်းမာအသက်ရှည်ရေး ဆေးနည်းဆေးပင်များ-ဒုတိယတွဲ (စေတနာလှိုင်-ရေစကြို)
(၂) ဟာသအတွေးအမှတ်(၁) (ကောင်းသန့်စီစဉ်သည်)
၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ (ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွား နေ့ကြီးရက်ကြီးများအကြောင်း- တတိယပိုင်း-မောင်ဆုရှင်)
၁၂း၃၀ အစာနှင့်အာဟာရ (ပိန်းရိုးနှင့်ကြာရိုး) - ကျန်းမာရေးရာ ပြန်ကြားလွှာ

ညနေပိုင်း

၁၆း၃၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၇း၀၀ တပ်မတော်စာတိုက်
၁၇း၁၅ ထူးဆန်းထွေလာသတင်းပဒေသာ
၁၇း၃၀ နိုင်ငံ့စီးပွား ကျေးလက်ထုတ်ကုန်များ (ကဝမြို့နယ်က မြန်မာ့ရိုးရာ လက်ရက်ကန်းလုပ်ငန်း)
၁၈း၂၅ သံစဉ်တေးသွား မေတ္တာစကား
(၁) ဖိုးလမင်းကို အောင်သွယ် ခိုင်းမယ် (တွံတေးသိန်းတန်)
(၂) ဖိုးလမင်းကို ရှက်တယ် (တက္ကသိုလ်လဲ့လဲ့)
၁၈း၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)
၁၉း၁၅ ဓာတ်လမ်းပမာနားဆင်စရာ (အသည်းစကား)
၁၉း၃၅ ခေတ်မရွေးသော တေးများ
(၁) အလှကမ္ဘာမြေဝယ် (တင်တင်မြ)
(၂) လှတစ်မျက်နှာ (ကိုတင်ထွတ်)
(၃) မွန်တို့ဌာနီ (ထား)
၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) မိုးနဲ့အတူ ချစ်ရသူ (စန္ဒရားချစ်ဆွေ)
(၂) မီးအိမ်ဆန်းနဲ့ လာမယ့်လမ်း (နွဲ့ယဉ်ဝင်း)
(၃) ဇရာ (ကိုမင်းနောင်)

အမြို့မြို့ အနယ်နယ် သတင်းများ

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး ဒေါ်တင်တင်ချို ဦးဆောင်သော အဖွဲ့ဝန်ထမ်းများဖြင့် ရုံးရှေ့တွင် အမှိုက်များ သိမ်းဆည်းခြင်းနှင့် ပန်းအလှပင်များ စိုက်ပျိုးခြင်းလုပ်ငန်းများ စုပေါင်းဆောင်ရွက်မှုကို မေ၂၃ရက်က အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင် ကြီးကြပ်လုပ်ဆောင်ပေးစဉ်။ (မြို့နယ်စည်ပင်)

ကြည့်ရှုစစ်ဆေး

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့်ဇနီး ဒေါ်ခင်ပြုံးဝင်း အမှတ်(၁၃) အခြေခံပညာအလယ်တန်းကျောင်းတွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် ကျောင်းစာသင်ခန်းများအတွင်း ခြင်အန္တရာယ်ကင်းဝေးစေရန် ခြင်နိုင်ဆေးဖျန်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် မိုးရာသီ လမ်းများရေမနစ်မြုပ်စေရေး ကြိုတင်စီမံထားရှိရန်မှာကြား
လူမှုရေးအသင်းအဖွဲ့များ ကျောင်းနှင့်ပတ်ဝန်းကျင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ရန်ကုန် ဇွန် ၁၉

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် မန္တလေးတိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး ဒေါ်ခင်ပြုံးဝင်းနှင့်အတူ ဇွန် ၂ ရက် နံနက် ၉ နာရီ ၁၅ မိနစ်က ချမ်းမြသာစည်မြို့နယ် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းတွင် မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူးဆောင်ရွက်သော သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးနှင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု အခမ်းအနားသို့ ရောက်ရှိကြရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့်ဇနီး၊ အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်သန်းနှင့် အဖွဲ့ဝင်များ၊ တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ထွန်း၊ တိုင်းပညာရေးမှူး ဦးစောထွန်း၊ တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ် ဥက္ကဋ္ဌများ၊ ပညာရေးဌာနနှင့် ကျန်းမာရေးဌာနများမှ တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာကြီး ဦးသန်းလွင်နှင့် ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များက ကြိုဆိုကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

မြန်မာအမျိုးသမီးများနေ့

၂၀၀၇ ခုနှစ်၊ ဇူလိုင်လ(၃)ရက်

MYANMAR WOMEN'S DAY

3rd July 2007

လက်ပံတန်းမြို့နယ်မှ ထုတ်လုပ်သည့် အိုးနှင့် ပန်းခြင်းများ မြန်မာမှုလက်ရာသေသပ်လှပ၍ ပြည်ပနိုင်ငံများမှာယူ

သတင်းမြင်ကွင်း - နုနုရီနှင့် တင်တင်ဝင်း၊ ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း)

ကျေးရွာတစ်ရွာ ကုန်ထုတ်လုပ်ငန်းတစ်ခု နိုင်ငံအကျိုးပြု

ရန်ကုန် ဇွန် ၁၉

လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့စေရန် နိုင်ငံတော်က ကျေးရွာချင်းဆက်လမ်းများ၊ ကျေးရွာနှင့် မြို့ပြ ဆက်သွယ်သည့်လမ်းများ၊ မြို့ပြအချင်းချင်း ဆက်သွယ်သောလမ်းများကို ကောင်းမွန်သည်ထက် ကောင်းမွန်အောင် တိုးချဲ့ဖောက်လုပ်ပေးလျက် ရှိသည်။

စာမျက်နှာ ၉ ကော်လံ ၁ ●

လှန်ထားသော ပန်းအိုးများကို ဤသို့အစီအရီ တွေ့ရသည်။

NLD ပါတီသည် နိုင်ငံတည်ဆောက်ရေးတွင်ပါဝင်ဆောင်ရွက်ခြင်းမရှိဘဲ နိုင်ငံနှင့်လူမျိုးအကျိုး ပျက်စီးရာပျက်စီးကြောင်း ဖန်တီးလုပ်ဆောင်လျက်ရှိ အိမ်မဲမြို့နယ်မှ ပါတီဝင် ၄၈ ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် ဇွန် ၁၉

ဧရာဝတီတိုင်း အိမ်မဲမြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ကြခတ်ကွေ့ကျေးရွာနေ ဦးထွန်းကျော်နှင့် ဦးသန်းလွင်၊ ဆီးကွင်းကျေးရွာနေ ဦးဇော်မြင့်အပါအဝင် ၁၃ ဦး၊ ထန်းပင်ရိုး(ခတ္တိယ)ကျေးရွာနေ ဦးကြည်ဝင်းအပါအဝင် ငါးဦး၊ ရွာမ(ခတ္တိယ)ကျေးရွာနေ ဦးဇော်မြင့်နှင့် ဦးသန်းကြီး၊ ရေသိုးညောင်ပိုင်းကျေးရွာနေ ဦးမြင့်အုန်းအပါအဝင် ငါးဦး၊ ပနာသိမ် ကျောင်းစုကျေးရွာနေ ဦးထွန်းမြင့်အပါအဝင် ငါးဦး၊ စာဖြူဆိပ်ကျေးရွာနေ ဦးဘိုစံအပါအဝင်သုံးဦး၊ ခတ္တိယကျေးရွာနေ ဦးထွန်းဝေအပါအဝင်ခုနစ်ဦး၊ သံချောင်းကျေးရွာနေ ဦးခိုလီအပါအဝင်ရှစ်ဦး၊ ဘုရားကြီးကုန်းကျေးရွာနေ ဦးနီနှင့် ကွန်းယားတံခွန်တိုင်ကျေးရွာနေ ဦးမြင့်မောင်တို့သည် ဇွန် ၁၁ ရက်တွင် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင် အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

စာမျက်နှာ ၈ ကော်လံ ၅ ❐